
www.linhtet.com



www.linhtet.com

စာအုပ်တိုက်

၂၁ ၂၃၁လမ်း၊ရန်ကုန်မြို့။ဖုန်း၇၀၆၀၅၅

www.linhtet.com

# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** – ၃၀၁/၂၀၀၂(၄)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၃၁၄/၂၀၀၂(၅)

**ထုတ်ဝေသူ** – ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
၅၃၃(အေ)၊ဂ/ရပ်ကွက်၊
ပြည်လမ်း၊ကမာရွတ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ** – ဦးမောင်မောင်လွင်
ကဝိရတနာပုံနှိပ်တိုက်
၂၀၄၊လမ်း၃၀၊ရန်ကုန်။

**ပုံနှိပ်ခြင်း** – ပထမအကြိမ်
၂၀၀၄–ခုနှစ်၊ဇန်နဝါရီလ

**အုပ်ရေ** – ၁၀၀၀

**တန်ဖိုး** – ၄၅၀ကျပ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.linhtet.com

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.linhtet.com

ညီသစ်

# စိတ်ဓာတ်ခွန်အားကိုပေးသော စာစုများ

(ပထမအုပ်)

**Chicken Soup for the Soul**

**Edited By**
Jack Canfield
Mark Victor Hansen
Patty Hansen
Irene Dunlzp

www.linhtet.com

## မာတိကာ


| | |
|---|---|
| ၁။ အလုပ်ရှုပ်တဲ့နေ့ | ၅ |
| ၂။ ဘဝတစ်ကွေ့မှ သင်ခန်းစာများ | ၁၁ |
| ၃။ အခမဲ့ | ၁၉ |
| ၄။ စကြဝဠာကြီးထဲမှ<br>ချစ်စရာအကောင်းဆုံးဖေဖေ | ၂၃ |
| ၅။ ကြင်နာတတ်သော အပြုအမူ | ၃၁ |
| ၆။ ကလေးတစ်ယောက်၏ ရင်ဖွင့်လွှာ | ၃၅ |
| ၇။ ချစ်မေတ္တာ၏ အလှတရား | ၃၉ |
| ၈။ အပျက်အစီးထဲမှ အဖိုးတန်မှုများ | ၄၁ |
| ၉။ ကျွန်မသမီး၊ ကျွန်မဆရာ | ၄၅ |
| ၁၀။ လူအိုရုံက ချစ်ပုံပြင် | ၄၉ |
| ၁၁။ မြေပဲလှော်များ | ၅၃ |
| ၁၂။ ဘုရားသခင်ပေးတဲ့လက်ဆောင် | ၅၇ |

www.linhtet.com


၁၃။ အဆုံးမရှိတဲ့အချစ် ၆၅
၁၄။ ထူးဆန်းတဲ့ဖူးစာ ၆၇
၁၅။ ယုံကြည်မှု၊ မျှော်လင့်ချက်နှင့်
မေတ္တာတရား ၇၃
၁၆။ သစ်ရွက်ကြွေများနှင့် ဆီးနှင်းပွင့်များ ၈၃
၁၇။ မေတ္တာတရား တိုးပွားနေသောကမ္ဘာ ၈၇
၁၈။ တိတ်တခိုးချစ်ရသူရယ် ၉၅
၁၉။ ဘယ်ဆီဘယ်ဝယ် ၁၀၁
၂၀။ မမြင်ရသောအချစ် ၁၀၅
၂၁။ ရှေးရေစက် ၁၁၁
၂၂။ ဘဝကိုရင်း၍ သက်သေပြသူ ၁၁၅
၂၃။ အသက်ပေး၍ ချစ်ရဲလေသူ ၁၁၉
၂၄။ တစ်သက်တာအပြုံး ၁၂၃

www.linhtet.com

## အလုပ်ရှုပ်တဲ့နေ့

The Day I was too Busy
by Cindy Ladage

"မေမေ၊ကြည့်ပါဦး"ဟု ကျွန်မ၏သမီးလေး ဒါလာက လေထဲသို့ ပျံဝဲတက်သွားသည့် သိမ်းငှက်တစ်ကောင် ကို လက်ညှိုးထိုးပြီး ပြောသည်။

"အင်း၊ အင်း"ဟု ကျွန်မက တစ်နေ့တာ လုပ်ငန်းစဉ်များ များပြားလှသည့် အကြောင်းကိုတွေးကာ မောင်းနေရင်းမှ ပြောလိုက်သည်။

သမီးမျက်နှာမှာ မကျေနပ်ရိပ်တွေ လွှမ်းမိုးသွားသည်။

"ဘာဖြစ်ရတာလဲ သမီးရဲ့" ဟု ကျွန်မက သမီးကို မေးလိုက်သည်။

"ဘာမှမဖြစ်ဘူး"ဟု ခုနှစ်နှစ်ရှိပြီဖြစ်သည့် သမီးလေးက ပြန်ဖြေသည်။ ထိုခဏတာအချိန်လေး လွန်မြောက်သွားသည်။ ကျွန်မတို့အိမ်နားသို့ ရောက်လာသောအခါ ညနေစောစောပိုင်းက တောအုပ်ထဲမှ

www.linhtet.com



ထွက်လာသည့် သမင်ဖြူကို ရှာကြည့်ရန် ကားကို ဖြေး ဖြေး မောင်းခဲ့သည်။ ထိုသမင်ဖြူကို အရိပ်အယောင်ပင် မတွေ့ရတော့။

"ဒီညမှာ လုပ်စရာတွေ အများကြီး ရှိတယ်" ဟု ကျွန်မ ပြောလိုက်မိသည်။

ညစာစား၊ ရေချိုး၊ တယ်လီဖုန်းပြောနှင့် အချိန် တွေ ကုန်လွန်သွားသည်မှာ ညအိပ်ရာဝင် အချိန် အထိပင်။

"သမီး ဒါလာ၊ လာတော့။ အိပ်ချိန်ရောက်ပြီ" ဟု ဆိုလိုက်ရာ သမီးက လှေကားပေါ် အပြေးအလွှား တက်လာသည်။ ကျွန်မမှာလည်း တစ်နေ့တာ၏ မော ပန်းနွမ်းနယ်မှုနှင့်အတူ သမီးပါးပြင်ကိုနမ်း၊ ဆုတောင်း ဝတ်ပြုပြီး သူ့ကို အိပ်ရာထဲ ထည့်လိုက်သည်။

"မေမေ၊ မေမေ့ကို ပစ္စည်းတစ်ခုပေးဖို့ သမီး မေ့သွားတယ်" ဟု သမီးကပြောရာ ကျွန်မ၏ သည်းခံ စွမ်းရည်တွေ ကုန်ဆုံးသွားတော့သည်။

"မနက်မှပဲပေးတော့ သမီး" ဟု ကျွန်မက ပြောလိုက်သော်လည်း သမီးက ခေါင်းကို တွင်တွင်ကြီး ခါရမ်းနေသည်။

"မနက်ကျရင် မေမေ့မှာ အားလပ်ချိန်ရှိမှာ မဟုတ်ဘူး"ဟု သမီးက ပြောသည်။

"မေမေ အချိန်ယူပါ့မယ် သမီးရယ်" ဟု ကျွန်မက သမီးကျေနပ်အောင် ပြန်ဖြေလိုက်သည်။

www.linhtet.com



တစ်ခါတရံတွင် ကျွန်မ မည်မျှပင် ကြိုးစားအားထုတ်သော်လည်း အချိန်သည် သဲနာရီထဲက သဲများလိုပင် ကျွန်မ၏ လက်ချောင်းများထဲမှ ယိုစီးသွားပြီး ဘယ်တုန်းကမှ လုံလောက်သည်ဟူ၍ မရှိခဲ့။ သမီးအတွက် အချိန်မရှိ။ ခင်ပွန်းအတွက် အချိန်မရှိ။ ကျွန်မ ကိုယ်ပိုင်အချိန်အတွက်ပင်အချိန်မရှိ။

သမီးက သူ၏ ဆန္ဒကို လက်လျှော့ချင်သည့်ပုံစံမရှိသေး။ သမီးသည် သူ၏မဲ့ခြောက်များ စွန်းထင်းနေသည့် နှာခေါင်းလေးကို ဒေါသဖြင့် ရှုံ့တွလိုက်ပြီး ညိုမှောင်သော သူ၏ ဆံစများကို ခါရမ်းပစ်လိုက်သည်။

"ဟင့်အင်း၊ မေမေအချိန်ရမှာ မဟုတ်ဘူး။ ဒီနေ့မှာလည်း သိမ်းငှက်ကြီးကိုကြည့်ဖို့ မေမေ အချိန်မရဘူး။ နောက် နေ့လည်း ဒီလိုပဲ ဖြစ်နေမှာ။ မေမေ့မှာ သမီးပြောတာကို နားထောင်ဖို့တောင် အချိန်မရှိဘူး"

ကျွန်မမှာ သမီးဖြစ်သူနှင့် ငြင်းခုံဖို့ပင် အားမရှိတော့။ သမီးစကားတွေက မှန်လွန်းနေသည်။

"ကောင်းသောညပါ သမီး"ဟု ပြောပြီး အခန်းတံခါးကို ဝုန်းခနဲမြည်အောင် ဆောင့်ပိတ်ခဲ့မိသည်။

သမီးလေးယခုအရွယ် ရောက်သည်အထိ ကျွန်မတို့မှာ အားလပ်ချိန် လွန်စွာနည်းပါးခဲ့ရသည့် အကြောင်းကို စဉ်းစားရင်း ကျွန်မ၏ အမြင်အာရုံထဲမှာ သမီး၏ ညှိုးငယ်သည့် အကြည့်လေးတွေ ထင်ဟပ်လာသည်။

www.linhtet.com



"ဘာတွေအလိုမကျ ဖြစ်နေရတာလဲ" ဟု ခင်ပွန်းဖြစ်သူက မေးသည်။

ကျွန်မက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"သမီးအိပ်ချင်မှ အိပ်ဦးမှာ၊ သွားကြည့်လိုက်ပါလား" ဟု ဖခင်တစ်ယောက်၏ မှန်ကန်သည့်ဘက်မှ အခွင့်အရေးတစ်ခုအနေနှင့် ပြောသည်။ ကျွန်မသည် သူပေးသည့်အကြံကို လိုက်နာရင်း ထိုအကြံသည် ကျွန်မ ကိုယ်ပိုင်အကြံသာ ဖြစ်လိုက်ပါတော့ဟုသာ ဆန္ဒပြုနေမိသည်။

ကျွန်မ သမီးအခန်းဆီသို့သွားပြီး တံခါးကို အသာဟလိုက်သည်။ ပြတင်းပေါက်မှ ဝင်ရောက်လာသောအလင်းသည် အိပ်နေသော သမီး၏ခန္ဓာကိုယ်ကို လွှမ်းခြုံရစ်သိုင်းထားသည်။ သမီး၏ လက်ထဲမှာ တွန့်ကြေနေသော စက္ကူစတွေ ရှိနေသည်ကို ကျွန်မ မြင်နေရသည်။ ကျွန်မကို သမီး မကျေမနပ်ဖြစ်ခဲ့သည်မှာ ထိုပစ္စည်းတွေကြောင့် ဖြစ်မည်။ သူ့လက်ကို အသာဖြေ၍ စက္ကူစတွေကို ယူလိုက်သည်။

ကျွန်မမျက်လုံးမှာ မျက်ရည်စတွေ ပြည့်လျှံလာသည်။ 'မေမေ့ကို ဘာကြောင့်ချစ်ရတာလဲ' ဆိုသောကဗျာလေး ရေးထားသည့် အသည်းပုံ စက္ကူကို သမီးက တစ်စီဖြစ်အောင် ဆွဲဆုတ်ထားတာကိုး။

တစ်စစီဖြစ်နေသော စက္ကူအပိုင်းအစတွေထဲမှ မလိုသည်များကို ဖယ်ပြီး တစ်စချင်း ပြန်ဆက်

www.linhtet.com



လိုက်သည်။ အားလုံး ပြန်ဆက်ပြီးတော့မှ သမီးရေး ထားသည့် ကဗျာလေးကို ဖတ်ရသည်။

မေမေ့ကို ဘာကြောင့် ချစ်ရတာလဲ

***'မေမေဟာ အလုပ်ရှုပ်ပေမဲ့၊ အလုပ်ကြိုးစားပေမဲ့ အမြဲ ကစားဖို့အချိန်ပေးတယ် သမီးဟာ မေမေအလုပ်ရှုပ်တဲ့နေ့ရဲ့ အကြီးမားဆုံး အစိတ်အပိုင်းဖြစ်ရတဲ့အတွက် မေမေ့ကို သမီးချစ်တယ်'***

သမီး၏ စကားလုံးများသည် ကျွန်မ၏နှလုံး သားကို တည့်တည့် လာစိုက်သော မြားတစ်စင်းဖြစ်နေ သည်။ အသက်က ခုနစ်နှစ်ဆိုပေမဲ့ ဆော်လမွန်လို အသိကြွယ်လှသည်။

ခဏကြာသောအခါ ကျွန်မသည် လင်ပန်း တစ်ခုထဲတွင် ချောကလက်အပူနှစ်ခွက်၊ မြေပဲထော ပတ်နှင့် ဂျယ်လီညှပ်ပေါင်မုန့်တို့ကိုထည့်ပြီး သမီး အခန်း ထဲကို ယူသွားခဲ့သည်။ သမီး၏ နူးညံ့သော ပါးပြင်ကို လက်ဖဝါးဖြင့် ငြင်သာစွာ ပွတ်သပ်မိချိန်၌ ကျွန်မ၏ နှလုံးသားသည် ချစ်ခြင်းမေတ္တာတို့ဖြင့် ဖိတ်လျှံနေသည်။

သမီးက မျက်လုံးများကို ဖွင့်လိုက် ပိတ်လိုက် လုပ်သောအခါ ထူထဲသော မျက်တောင်မွေးများသည် ယပ်တောင်များလို ဖြစ်သွား၏။ သမီးသည် အိပ်မှုန်စုံ မွှားဖြင့် နိုးလာပြီး လင်ပန်းကို ကြည့်သည်။

www.linhtet.com



"ဒါတွေက ဘာအတွက်လဲဟင်" ဟု မေးသည်။ ညဥ့်နက်မှ သူ့အခန်းထဲ ဝင်လာသည့်အတွက်လည်း ဝေခွဲမရ ဖြစ်နေပုံရသည်။

"ဒါတွေက သမီးအတွက်ပေါ့ကွယ်။ သမီး ဟာ မေမေ့ရဲ့ အလုပ်ရှုပ်တဲ့နေ့ရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်နေလို့ပေါ့ကွယ်"

သမီးက ပြုံးပြီး အိပ်ချင်မူးတူးဖြင့် ချောကလက်ကို တစ်ခွက်ကုန်အောင် သောက်သည်။ ထို့နောက် ပြန်လှဲပြီး အိပ်သွားသည်။ ကျွန်မ ပြောလိုက်သော စကားသည် ကျွန်မ၏ နှလုံးသည်းအိမ်ထဲမှ ထွက်လာသော စကားများဖြစ်သည် ဆိုတာကို သမီး အနေနှင့် အမှန်တကယ် နားလည်နိုင်လိမ့်မည် မထင်ပါ။

♦ ♦

www.linhtet.com

# ဘဝတစ်ကွေ့မှ သင်ခန်းစာများ

Lesson at the Halfway Point
by Michael Levine

“သင်သည် မိမိ၏ဂုဏ်သိက္ခာကိုမခုခံမကာကွယ်ပါက
သင့်မှာ ဘာဂုဏ်သိက္ခာမှမရှိဟု လူတွေက
ယူဆကြပေလိမ့်မည်”

ကျွန်တော့်အသက်သည် ၄၀ထဲရောက်နေပြီဖြစ်၍ ဘဝတစ်ဆစ်ချိုးသို့ ရောက်နေပြီဟု ဆိုရပါမည်။ ထိုအပြောင်းအလဲကို တွေးမိတိုင်း ကျွန်တော် ကြောက် စိတ်ဝင်လာတတ်စမြဲ။ ရက်သတ္တပတ် အနည်းငယ် ကြာလာမှသာ ကျွန်တော်တို့သည် အမေရိကန်ကဗျာ ဆရာကားလ်ဆင်းဘတ်၏ “လမ်းဆုံးရှိသည့် အမြန် ရထားကိုစီးနင်းခြင်း” ကဗျာစာသားများလို ဖြစ်နေ သည်ဆိုတာကို သဘောပေါက်မိပြီး စိတ်တွေ တည်ငြိမ်မှု ရလာသည်။

**ရှုဝံစာအုပ်တိုက်**

www.linhtet.com



ကိုယ့်ဘဝ ဘယ်အခြေစိုက်နေသလဲ ဆိုတာကို မသိနိုင်သည့်အခါတိုင်း လူငယ်ကင်းထောက် လက်စွဲစာအုပ်ဟောင်းလေးထဲက တေးသီချင်းစာသားတွေ ကိုဖတ်ဖို့လိုလာသလို ထင်နေမိသည်။ အမှန်တကယ်လည်း ဖတ်ဖြစ်ခဲ့ပါသည်။ ပူပန်နေမိတာတွေ ရပ်ပစ်လိုက်။ ဘာကြောင့် ပူပန်နေရတာလဲ ဆိုတာ သိအောင်လုပ်။ ကိုယ်သိထားတာတွေအားလုံး ပြန်လှန်သုံးသပ်။ မိမိ၏လမ်းကြောင်းသေချာသည်ဆိုတော့မှ ထိုခရီးလမ်းကို ရှေ့ဆက်ရမည်။ လမ်းခရီးကို ဆက်လှမ်းရာတွင် မှတ်စုလေးတွေ ရေးမှတ်ထား ပါ။

ယခုဖတ်ရှုရမည်ဖြစ်သော မှတ်စုများမှာ ကျွန်တော်၏ မှတ်စုများဖြစ်သည်။ ထိုသင်ခန်းစာ မှတ်စုများကို ရေးသားပြီးသောအခါ ကျွန်တော် အပြင်ထွက်ပြီး လမ်းလျှောက်နိုင်ပါတော့သည်။ ထိုအချိန်ကာလသည် သစ်တော၏ မိုးသက်လေ စိုစိမ့်စိမ့် ရှိနေချိန် ၄၂ ဒီဂရီစင်တီဂရိတ် ရာသီဥတု ရှိနေသောနေ့ တစ်နေ့ဖြစ်သည်။ အသက် ၈၃နှစ် ရှိနေပြီဖြစ်သည့် အိမ်နီးနားချင်း အဘိုးအို လမ်းလျှောက်တုတ်ကောက်ဖြင့် လမ်းလျှောက်နေသည်ကိုတွေ့ရသည်။

“အဘ နေကောင်းလား” ဟု ကျွန်တော်က လှမ်း၍ နှုတ်ဆက်လိုက်သည်။

သူက မည်ကဲ့သို့ ပြန်ဖြေလိုက်သည်ဟု ထင်သနည်း။

www.linhtet.com



"ဒီနေ့အထိတော့ ကောင်းတုန်းပဲဟေ့" ဟု ပြန်ဖြေပါသည်။

ကျွန်တော် မားမားမတ်မတ် ရပ်တည်ရန် ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ခန္ဓာကိုယ်ကို မားမား မတ်မတ် ရပ်တည်နေနိုင်ရေးသည် လွန်စွာမှ အရေးကြီးလှသည် မဟုတ်ပါလား။

ယခု ဖော်ပြမည့် ဘဝတစ်ဆစ်ချိုး သင်ခန်းစာများသည် ကျွန်တော်ကိုယ်တိုင် ရှာဖွေရရှိထားသော မှတ်စုများပင် ဖြစ်ပါသည်။ ထို သင်ခန်းစာများသည် နာကျင်နေသူတစ်ယောက်အတွက် စိတ်သက်သာရာ ရနိုင်သလို သက်တောင့်သက်သာ နေသူတစ်ယောက် အတွက် နာကျင်မှုများ ဖြစ်ပွားစေနိုင်ပါသည်။

"မိမိကိုယ်မိမိနှင့် မတူသော လူတစ်ယောက်ဖြစ်လာအောင်
ကြိုးစားအားထုတ်ခြင်းလောက် ပင်ပန်းဆင်းရဲ ဖြစ်ရသည့်
အရာမရှိ"

"စစ်မှန်သော မိတ်ဆွေများနှင့် အတူအချိန်မဖြုန်းသည့်အခါ
သင်၏ ဟန်ချက် ပျက်ပြားသွားတတ်သည်"

"အံ့ဩစရာကောင်းသည်က လူအများသည်
သူတို့ကြုံတွေ့ရသည့် အဖြစ်အပျက်များကို သူတို့သာ
ကြုံဖူးသည်ဟု ထင်နေကြခြင်းဖြစ်သည်"

**မူဝံစာအုပ်တိုက်**

www.linhtet.com



" သူများကို လိမ်လည် ပြောဆိုခြင်းထက် မိမိကိုယ်မိမိ လိမ်ညာပြောဆိုခြင်းက ပို၍ အန္တရာယ်များသည်။ ဥပမာ
'ကျွန်တော့်မှာ အမေနဲ့တူတာ တစ်စက်လေးမှ မရှိဘူး'
'ကျွန်တော့်မှာ လေ့ကျင့်ခန်းလုပ်ဖို့ အချိန်မရှိလောက်အောင် အလုပ်များတယ်'
'ကျွန်တော်ကတော့ ဆေးကုခံစရာမလိုဘူး'
'ကျွန်တော် အိမ်ထောင်မပြုချင်ဘူး'စတဲ့စကားမျိုးတွေပေါ့ "

"စီးပွားရေးလုပ်ငန်းချမှတ်ရာတွင် ကောက်ရိုးမီးလို ဖြစ်တတ်သူတို့သည် သူတို့၏ အရည်အချင်းကို ပြသရာတွင် မကြာခဏ မသေမချာ ဖြစ်တတ်ကြသည်"

"တခြားသော လူမျိုးစုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ယဉ်ကျေးမှု အဖွဲ့အစည်းများနှင့် သင်သည် အကျွမ်းတဝင် ရင်းနှီးမှုမရှိပါက သင်သည် ထိုသူများကို အဆိုးမြင်လွယ်မည်။ အလွယ်တကူ ကြောက်လန့်နေတတ်မည်"

"ဝလွန်းသူ အတော်များများသည် မနက်စာ မစားတတ်ကြကြောင်းကို ကျွန်တော်သိရှိထားသလို ပိန်လွန်းသူ အတော်များများသည် မနက်စာ မလွတ်တတ်ကြောင်းကိုလည်း ကျွန်တော် သိရှိထားပါသည်"

**မှူးဝံစာအုပ်တိုက်**

www.linhtet.com



"မြက်ခင်းကို ရေရှည်မပျက်စီးအောင် အချိန်ပေးပြီး ထိန်းသိမ်းတတ်သူတချို့သည် ခင်မင်ရင်းနှီးမှုကို ရေရှည် တည်တံ့အောင် မလုပ်တတ်ကြပါ"

"ဝတ်ကောင်းစားလှကို ဝတ်စားထားတတ်ကြသည့် နလပိန်းတုံးလူတချို့ကို ကျွန်တော်တွေ့ဖူးသော်လည်း မိမိကို လူအများစိတ်ဝင်စားအောင်လုပ်ချင်သည့်စိတ်က ကျွန်တော့်မှာ ရှိနေဆဲပင်ဖြစ်သည်"

"အမှားတစ်ခုကို ပြုလုပ်မိသည့်အခါ ထိုတစ်ပတ်အတွင်းမှာ သင်ရရှိလိုက်သည့် သင်ခန်းစာကို ရေးမှတ်ထားပါ။ အမှားများကို ရေးမှတ်ခြင်း ပြန်လည်ဖတ်ရှုခြင်းဖြင့် နောက်ထပ် အမှားများမကျူးလွန်အောင် ကာကွယ်နိုင်သည်"

"ကလေးသူငယ်များ  သိသင့်သည့်အချက် သုံးချက်ရှိသည်။ ပထမအချက်မှာ ကိုယ့်အရှင်သခင်က ဘယ်သူလဲ၊ စည်းကမ်းပြဋ္ဌာန်းချက်က ဘာလဲ၊ သူတို့ကို အတင်းအကျပ်စေခိုင်းမည့်သူက ဘယ်သူလဲ . . . "

"တချို့သောရက်များတွင် ကျွန်တော်သည် ဘာရယ်မဟုတ်ဘဲ ကြောက်ရွံ့ခြင်း၊ အထီးကျန်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း စသည့် ခံစားချက်များကို ခံစားနေရတတ်သည်။ အိပ်ရေးဝဝ အိပ်စက်ရသည့် ညတစ်ည၊ ကျွန်တော်၏လက်ကို ဆုပ်ကိုင်ပြီး

www.linhtet.com



ရှေ့ဆက်ဖို့ အားပေးသည့် စကားတစ်ခွန်းတလေ ပြောသူမျိုးနှင့်
တွေ့ရသည့်အခါ ကျွန်တော့်အနေနှင့် ပြန်လည်ပြီး
စိတ်သက်သာရာ ရလာတတ်သည်"

"တစ်နေ့ ၁၂နာရီ အလုပ်လုပ်သူတစ်ဦးသည် အိမ်ပြန်သည့်အခါ
တစ်နေ့ ၈နာရီသာလုပ်သူထက် ပိုကြီးသည့် ပေါင်မုန့်ကို
ဝယ်ယူသွားနိုင်သည်ဟု ကျွန်တော် ယုံကြည်သည်"

"တချို့သော စိတ်ကူးစိတ်သန်းများမှာ
မိုက်မဲလွန်းလှသောကြောင့် ဉာဏ်ရှိသူတို့သာလျှင်
ယုံကြည်နိုင်ကြသည်"

"မည်ကဲ့သို့သော အခြေအနေမျိုးမှာပဲဖြစ်ဖြစ်
မိမိ၏အခြေခံစည်းမျဉ်းကို စောစောစီးစီး စိတ်ပိုင်းဖြတ်ထားပါ။
စွဲစွဲမြဲမြဲ လုပ်ဆောင်ပါ"

"ဆင်းရဲခြင်းကြောင့် ရာဇဝတ်မှုတွေ
မွေးဖွားလာသည်ဆိုခြင်းထက် ရာဇဝတ်မှုတွေကြောင့်
ဆင်းရဲခြင်းကို ဖြစ်ပေါ်သည်က ပို၍ ဖြစ်တတ်သည်"

"၂၀ဖြစ်ဖို့ သုည '၀' ရှိဖို့လိုခြင်းထက် သုည ဖြစ်ဖို့ သုည
ရှိခြင်းက ပို၍ကောင်းသည်"

**မူဝံစာအုပ်တိုက်**

www.linhtet.com



"ကျွန်တော့် အသက် ပိုကြီးလာသည်နှင့်အမျှ ကျွန်တော်၏
ဆုတောင်းခြင်းသည် ပို၍ အသက်ပါလာရ၏"

"အလုပ်မလုပ်သောသူများသည် အလုပ်လုပ်သောသူများထက်
ပို၍ မောပန်းနေတတ်သည်"

"သမိုင်းကို ပြန်ကြည့်သောအခါ လူသားတို့၏ အမူအကျင့်သည်
မိုးလေဝသထက် ပို၍ ခန့်မှန်းရလွယ်သည်ကို သိသာလှသည်"

♦ ♦

www.linhtet.com

**အခမဲ့**

The Day I was too Busy
by Cindy Ladage

ကလေးငယ်သည် မီးဖိုချောင်ထဲမှာ ညစာအတွက် ပြင်ဆင်နေသည့် မိခင်ဖြစ်သူထံသွားပြီး သူရေးထား သည့်စာရွက် ပိုင်းလေးတစ်ခုကို ပေးလိုက်သည်။ မိခင် ဖြစ်သူက ရေစိုနေသောလက်ကို ရှေ့ဖုံးခါးစီးစဖြင့် သုတ် လိုက်ပြီးစာကို ဖတ်၏။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| မြက်ရိတ်ရသည့်အတွက် | ၅ဒေါ်လာ |
| ယခုတစ်ပတ်အခန်း | |
| သန့်ရှင်းရေးအတွက် | ၁ဒေါ်လာ |
| စတိုးဆိုင်ကိုသွားပေးရသည့်အတွက် | ၅၀ဆင့် |
| မေမေဈေးသွားချိန်မှာညီလေးကို | |
| ထိန်းပေးရသည့်အတွက် | ၂၅ဆင့် |
| အမှိုက်ပုံးသွန်ရသည့်အတွက် | ၁ဒေါ်လာ |

**မူဝံစာအုပ်တိုက်**

www.linhtet.com



| | |
|---|---|
| စာမေးပွဲတွင်အမှတ်ကောင်းကောင်း | |
| ရသည့်အတွက် | ၅ဒေါ်လာ |
| ခြံဝင်းအတွင်းသန့်ရှင်းရေး | |
| လုပ်ရသည့်အတွက် | ၂ဒေါ်လာ |
| စုစုပေါင်းကျသင့်ငွေ | ၁၄. ၇၅ဒေါ်လာ |

မိခင်ဖြစ်သူက မျှော်လင့်တကြီး စောင့်စားနေသည့် သားငယ်ကိုကြည့်ရင်း သူ့မျက်နှာပေါ်တွင် အတိတ်ကပုံရိပ်များဖြတ်သန်း သွားကြသည်။ ထို့ကြောင့် မိခင်က ဖောင်တိန်ကိုယူကာ ထိုစာရွက်၏ နောက်ကျောဘက်တွင် အောက်ပါစာများကိုရေးသားခဲ့သည်။

သားအမေ့ဝမ်းထဲမှာကြီးပြင်းလာတဲ့အထိ အမေသားကို ကိုးလလုံးလုံးလွယ်ထားခဲ့ရတယ်။ အခမဲ့ပါသားရယ်။

သားနဲ့အတူ တစ်ညလုံးထိုင်ပြီး သားကိုပြုစုခဲ့တယ်။ သားအတွက်ဆုတောင်းခဲ့ရတယ်။ အခမဲ့ပါသားရယ်။

သားကြောင့်မျက်ရည်ပေါက်ပေါက်ကျခဲ့ ရတဲ့ကာလတွေအတွက်၊ ကြိုးစားခဲ့ရတဲ့ကာလတွေ အတွက် အခမဲ့ပါသားရယ်။

အားလုံးကိုပေါင်းလိုက်ရင် မေမေ့ချစ်ခြင်းမေတ္တာရဲ့ကျသင့်သမျှဟာ အခမဲ့ပါသားရယ်။

www.linhtet.com



စိုးရွံ့မှုတွေပြည့်နှက်နေခဲ့တဲ့ညအတွက်၊ ကြုံဆုံရမယ့် သောကတွေအတွက် အခမဲ့ပါသားရယ်။

ဒါတွေအားလုံးပေါင်းလိုက်ရင် စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာရဲ့ အပြည့်အဝ ကျသင့်သမျှဟာ အခမဲ့ပါ သားရယ်။

ကောင်လေးသည် မိခင်ဖြစ်သူရေးထားသည့် စာများကို ဖတ်ပြီးသောအခါ သူ့မျက်ဝန်းအစုံမှာ မျက်ရည်ပေါက်ကြီးတွေ ကျဆင်းလာသည်။ သူသည် မိခင်ဖြစ်သူကို စိုက်ကြည့်လိုက်ပြီး . . .

"မေမေ၊ မေမေ့ကိုသားတကယ်ချစ်ပါတယ် " ဟု ပြောလိုက်လေသည်။ ထို့နောက်သူသည် ဖောင်တိန်ကိုယူပြီး စာရွက်ပိုင်းလေးတွင် အောက်ပါစာလုံးများကို ခပ်ကြီးခပ်ကြီးရေးလိုက်သည်။

**"အားလုံးရှင်းပြီး"**။

♦ ♦

www.linhtet.com

# စကြဝဠာကြီးထဲမှ

## ချစ်စရာအကောင်းဆုံးဖေဖေ

The Coolest Dad in the Universe By Angie K. Ward-Kucer

ကျွန်မကို မွေးချိန်၌ ဖေဖေ့အသက်မှာ ၅၀ ရှိနေပြီ ဖြစ်သည်။ 'ဦးမေမေ' ဆိုသောဂုဏ်ပုဒ်ကို ဖေဖေ ရခဲ့သည်မှာလည်း ကြာမြင့်လှပြီဖြစ်သည်။ မေမေ့အစား ဖေဖေက ဘာကြောင့်အိမ်မှာအမြဲရှိနေရသလဲဆိုတာကို ကျွန်မလည်း နားမလည်ပါ။ ကျွန်မ အသက်ကလည်း ငယ်သေးသည်မဟုတ်လား။ ကျွန်မသူငယ်ချင်းတွေ အားလုံးထဲတွင် ကျွန်မဖေဖေတစ်ယောက်သာ အိမ်မှာ ရှိနေ၍ ကျွန်မကိုယ် ကျွန်မဂုဏ်ယူမိပါသည်။

ကျွန်မအတန်းကျောင်းတက်နေစဉ်ကာလ တလျှောက်လုံးဖေဖေသည် ကျွန်မအတွက် မြောက်များလှစွာသောအရာများ လုပ်ကိုင်ပေးခဲ့သည်။ သူသည် ကျောင်းကားမောင်းသည့် လူကြီးကိုသိအောင်လုပ်ပြီး ဘလောက်ခြောက်ခုဝေးသည့် ပုံမှန်မှတ်တိုင်မှာ သွားစီးရမည့်အစား အိမ်ရှေ့မှာလာကြိုစေခဲ့သည်။ ကျွန်မ

www.linhtet.com



အိမ်ပြန်ရောက်သည့်အခါတိုင်း ကျွန်မအတွက် နေ့လည်စာကို အမြဲ ပြင်ပေးထားသည်။ များသောအားဖြင့် ကျွန်မ၏နေ့လည်စာများမှာ မြေပဲထောပတ်နှင့် ဂျယ်လီညှပ်ပေါင်မုန့်တို့ဖြစ်ပြီး ဖေဖေကထိုစာစရာများကို ရာသီအလိုက်ပုံဖော်ပေးတတ်သည်။ ကျွန်မအကြိုက်ဆုံး နေ့လည်စာမှာ ခရစ္စမတ်နေ့လည်စာဖြစ်သည်။ ထိုနေ့လည်စာ ပေါင်မုန့်ကို ဖေဖေက ပုံလေးဖော်ပြီး အစိမ်းရောင်သကြားမှုန့်လေးများဖြူးပေးထား၍ တလက်လက်တောက်ပနေသည်။

ကျွန်မ နည်းနည်းလေး အရွယ်ရောက်လာသောအခါ မိမိဘာသာမိမိ လွတ်လွတ်လပ်လပ်နေဖို့ ကြိုးစားမိသည်။ ဖေဖေ၏ ကလေးအရွယ်ချစ်ခြင်းမျိုးနှင့် ကင်းကင်းနေချင်လာသည်။ သို့ရာတွင် ဖေဖေက လက်မလျှော့ပါ။ ကျွန်မအထက်တန်းကျောင်းသူဖြစ်လာသောအခါ နေ့လည်စာကို အိမ်ပြန်မစားတော့ဘဲ ကျောင်းသို့ထုပ်ယူသွားရတော့သည်။ ဖေဖေက ယခင်ကထက်စောစောထပြီး ကျောင်းသို့ယူသွားရမည့် ကျွန်မအတွက် နေ့လည်စာကို ပြင်ဆင်ပေးသည်။ နောင်ဘာတွေဖြစ်လာဦးမည်ဆိုတာကို ကျွန်မအနေ နှင့် မခန့်မှန်းတတ်ပါ။ နေ့လည်ထမင်းအိတ်၏ အပြင်ဘက်တွင် ဖေဖေကိုယ်တိုင် ဆွဲထားသော တောင်တန်းရှုမျှော်ခင်းပုံလေး သို့မဟုတ် "သမီးကိုချစ်တယ်" ဟူသော စာသားရေးပေးတတ်သည်။ ထိုလက်ကိုင်ပုဝါပေါ်တွင်

www.linhtet.com



ဟာသများ၊ မှတ်စုလေးများကို အကြိမ်ပေါင်းများစွာရေးပေးခဲ့သည်။ ကျွန်မကို မပြုံးဘဲမနေအောင်လုပ်သည်။ ကျွန်ကိုချစ်ကြောင်း သိစေနိုင်သည့် ရှာရှာဖွေဖွေ စကားများ ဖေဖေ့ထံမှာများစွာရှိနေသည်။

ကျွန်မသည် နေ့လည်စာအိတ်ကို အမြဲဝှက်ထားမိတတ်သည် သို့မှသာလက်ကိုင်ပုဝါမှာ ဖေဖေ ရေးထားသည့်စာတွေကို သူများတွေ မဖတ်မိဘဲနေမည်။ သို့သော်လည်း ဝှတ်ထားသည့် ကာလသည် ကြာရှည်မခံပါ။ တစ်ရက်တွင် ကျွန်မ၏သူငယ်ချင်းတစ်ယောက်က ကျွန်မ၏ လက်သုတ်ပုဝါမှာ ရေးထားသည့်စာကို မြင်သွား၍ ကျွန်မထံမှဆွဲသူပြီး ထမင်းစားခန်းတစ်ခန်းလုံးကို လက်ဆင့် ကမ်းခဲ့သည်။ ကျွန်မ၏ မျက်နှာမှာ ရှက်သွေးတို့ဖြင့်ရဲရဲနီသွားသည်။ ကျွန်မ တအံ့တသြဖြစ်မိတာကတော့ နောက်တစ်နေ့တွင် ကျွန်မ၏ သူငယ်ချင်းများသည် လက်ကိုင်ပုဝါမှာပါလာသည့်စာကိုဖတ်ရန် ကျွန်မအလာကို စောင့်ဆိုင်းနေကြသည့်အဖြစ်ကိုပင်။ သူတို့တတွေ၏ အပြုအမူများကို ကြည့်ခြင်းအားဖြင့် ထိုကဲ့သို့သောအချစ်မျိုး သူတို့ကို ပြသနိုင်မည့်သူမျိုး သူတို့လည်း လိုချင်ကြမှာပဲဟု ကျွန်မ တွေးမိသည်။ ကျွန်မှာထိုကဲ့သို့ သူမျိုးကို ဖခင်အဖြစ် ရရှိထား၍ များစွာဂုဏ်ယူမိပါသည်။ ကျွန်မ အထက်တန်းကျောင်းတက်စဉ်ကာလများ တလျှောက်လုံး ထို လက်သုပ်ပုဝါလေးများရရှိခဲ့သလို ယခုထက်တိုင် ကျွန်မထံမှာ အတော်များများရှိနေဆဲပင်။

သို့ရာတွင် ဇာတ်လမ်းက အဆုံးမသတ်သေးပါ။ ကျွန်မ ကောလိပ်သွားတက်ရန် အိမ်မှထွက်ခွာခဲ့သောအခါ ဖေဖေက ကျွန်မကို ယခင်လို စာတိုလေးများ ရေးပေးတော့မှာ မဟုတ်ဟုထင်ခဲ့မိသည်။ သို့ရာတွင် ဖေဖေက ယခင်ကအတိုင်း စာတိုစာစလေးများ ရေးပို့သောအခါ ကျွန်မနှင့်အတူ သူငယ်ချင်းများပါ ဝမ်းသာခဲ့ရသည်။

ယခင်ကလို ကျောင်းဆင်းချိန်ရောက်တိုင်း ဖေဖေ့ကို မတွေ့နိုင်သောအခါ ဖေဖေ့ထံ ဖုန်းဆက်ရသည်။ ဖုန်းခ ကုန်ကျစရိတ်သည်ပင် မနည်းတော့။ ပြောဖြစ်သော အကြောင်းအရာများသည် ကျွန်မအတွက်အရေးမကြီးပါ။ ဖေဖေ့အသံကိုသာ ကျွန်မကြားလိုခြင်းဖြစ်သည်။

ကျွန်မ ပထမနှစ် တက်စဉ်ကာလ တစ်လျှောက်လုံးဖေဖေနှင့် ဖုန်းပြောခြင်းသည် အလေ့အထတစ်ခုလို ဖြစ်လာခဲ့သည်။ ဖုန်းပြောပြီးသည့်အခါတိုင်း ကျွန်မက နှုတ်ဆက်စကားကိုဆိုသောအခါ ဖေဖေက "အန်ဂျီ" ဟု မြဲပြောတတ်သည်။

"ဟုတ်ကဲ့ ပြောပါဖေဖေ" ဟု ကျွန်မက ပြန်မေးသည်။

"သမီးကို ဖေဖေချစ်တယ်"

"သမီးလည်း ဖေဖေ့ကို ချစ်ပါတယ် ဖေဖေရယ် "

သောကြာနေ့တိုင်းလိုလို ဖေဖေ့ထံမှ စာများ ရောက်လာသည်။ အဆောင်ရှေ့စားပွဲမှ ဝန်ထမ်းသည် ပင်လျှင် ဘယ်လိပ်စာနှင့်ပို့လျှင် ဘယ်သူ့စာဆိုတာ အတတ်သိနေပြီဖြစ်သည်။ ဖေဖေပေးပို့သော စာအိတ်များပေါ်တွင် လိပ်စာကို ဖယောင်းတောင့်ဖြင့် ရေးထားတတ်ပြီး အထဲမှာပါသည့်အရာမှာ များသောအားဖြင့် အိမ်မှခွေးကလေးနှင့် ကြောင်ကလေးကို ဆွဲထားသည့် ရုပ်ပုံ၊ ဖေဖေနှင့်မေမေ ပုံတို့ဖြစ်နေတတ်သည်။ ကျွန်မ အိမ်ပြန်သည့်အခါများတွင်လည်း သူငယ်ချင်းများနှင့် မနားမနေလျှောက်သွားပြီး အိမ်ကို ခဏတဖြုတ် နားနေသည့် နေရာတစ်ခုအဖြစ်သာ သဘောထားခဲ့သည်။ တောင်တန်းရှု့မျှော်ခင်းပုံနှင့် "ဖေဖေနှင့် အန်ဂျီကေကေ" ဟု စာရေးထားသည့် အသည်းပုံလေးကို လည်း ဖေဖေရေးဆွဲပေးပို့တတ်သည်။

နေ့စဉ်စာဝေချိန်မှာ နေ့လည်စာမစားမီ အချိန်ဖြစ်၍ ကျွန်မသည် ဖေဖေထံမှလာသည့်စာကို ယူပြီး စားသောက်ဆိုင်သို့သွားသည်။ ကျွန်မ၏ အခန်းဖော်မှာ ဖေဖေလက်သုပ်ပုဝါတွေပေါ်မှာ ရေးခဲ့သည့် စာများကို ဖတ်ဖူးခဲ့သည့် အထက်တန်းကျောင်းသားဘဝမှ သူငယ် ချင်းများဖြစ်၍ ဖေဖေ့စာများကို ဝှတ်ထားစရာ မလိုတော့ဘူးဆိုတာကို ကျွန်မသဘောပေါက်လာသည်။ မကြာခင်မှာပဲ သောကြာနေ့သည့် ဖေဖေ

ထံမှလာသော ပုံမှန်နေ့တစ်နေ့ဖြစ်လာရသည်။ ကျွန်မသည် ဖေဖေ့စာ ကိုဖတ်၊ ရုပ်ပုံတွေကို ကြည့်ပြီးသောအခါ သူငယ်ချင်းတွေကိုလက်ဆင့်ကမ်းရသည်။

ဖေဖေကင်ဆာဝေဒနာကို ခံစားရချိန် ကာလတွေမှာတော့ သောကြာနေ့တွင် စာရောက်မလာတော့ပါ။ ဖေဖေစာမရေးနိုင်လောက်အောင်ပင် ရောဂါဝေဒနာ ခံစားရပြီဆိုတာကို ကျွန်မ သိလိုက်သည်။ မနက်လေး နာရီဆိုလျှင် ဖေဖေအိပ်ရာမှထနေကျ။ သို့မှသာ ငြိမ် သက်တိတ်ဆိတ်နေသော အိမ်ထဲမှာ ထိုင်ရင်း ကျွန်မ ထံကို စာတွေရေးနိုင်မည်။ ဖေဖေသည် သောကြာ နေ့အတွက် အချိန်မီ စာမရေးနိုင်လျှင် တစ်ရက်နှစ်ရက် နောက်ကျပြီးမှ ရေးတတ်လာသည်။ ရက်ပုံမှန်မဟုတ် တော့သော်လည်း ဖေဖေထံမှ စာတွေလာနေဆဲ။ ကျွန်မသူငယ်ချင်းတွေက “စကြဝဠာကြီးထဲက ချစ်စရာ အကောင်းဆုံးအဖေ” ဟု ဖေဖေ့ကို ကင်းပွန်းတပ်ကြ သည်။ တစ်ရက်မှာ သူငယ်ချင်းတွေက ထိုနာမည်ကို ရေးပြီး သူတို့အားလုံးလက်မှတ်ရေးထိုး ထားသည့် ပို့စ်ကဒ်လေးတစ်ခုကို ဖေဖေ့ထံ ပေးပို့ကြသည်။ ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာအကြောင်းကို ဖေဖေက ကျွန်မတို့အားလုံးကို သင်ကြားပြသခဲ့သည်ဟု ကျွန်မယုံကြည်သည်။ ကျွန်မသူငယ်ချင်းတွေက သူတို့ သားသမီးတွေထံလက် သုတ်ပုဝါလေးတွေ

ပေးပို့ကြသည်ကိုတွေ့ရသည့်အခါမျိုးမှာ ကျွန်မ မအံ့သြတော့ပါ။ သားသမီးများကို မိဘ၏ ချစ်ခြင်းမေတ္တာကို ဖော်ပြ ခဲ့သည့် အရာလေးတွေ ပေးကမ်းတတ်စေဖို့ ဖေဖေက နမူနာကောင်းတစ်ရပ်အဖြစ်ပြသခဲ့သည် မဟုတ်လား။

ကျွန်မကောလိပ်တက်သည့်လေးနှစ်တာ ကာလလုံးလုံး စာအဆက်အသွယ်၊ ဖုန်းအဆက်အသွယ် ရှိနေခဲ့သည်။ ဖေဖေ ဝေဒနာခံစားမှုဒဏ် ပိုဆိုးလာ၍ ကျွန်မ အိမ်ပြန်ဖို့ ဆုံးဖြတ်ချက်ချရသည့်အချိန် ကျရောက်လာခဲ့သည်။ ဖေဖေနှင့် ကျွန်မ လက်ပွန်းတတီး နေခဲ့သည့်ကာလများသည် အတိုင်းတာတစ်ခုအထိသာ ရှိနိုင်မည်ဆိုတာကိုကျွန်မသိနေသည်။ ထိုကာလများသည် ကျော်ဖြတ်ဖို့ အခက်ခဲဆုံးကာလများပင်ဖြစ်သည်။ ဖေဖေသည် ငယ်ရွယ်သူတစ်ယောက်ကဲ့သို့ အမြဲနေထိုင်တတ်သော်လည်း နှစ်ကာလ၏ ရင့်ရော်မှုကို တားဆီး၍ မရနိုင်ပေ။ ဖေဖေဝေဒနာကို အလူးအလှိမ့် ခံစားနေရသည်ဟု ကျွန်မ သိသော်လည်း ကျွန်မ နာမည်ကိုတောင် မမှတ်မိနိုင်တော့သည့်အဖြစ်မျိုးက ကျွန်မရင်ကို နာကျင်ထိခိုက်စေခဲ့သည်။

ဖေဖေမသေခင်နှစ်ရက်လုံးလုံး ဆေးရုံက အခန်းထဲမှာ ကျွန်မ ဖေဖေနှင့် နှစ်ယောက်တည်း နေခဲ့သည်။ ကျွန်မတို့ သားအဖနှစ်ယောက် တစ်ယောက်

လက်ကိုတစ်ယောက်ဆုပ်ကိုင်ပြီး ရုပ်မြင်သံကြား ကြည့်ကြသည်။ ကျွန်မပြန်ဖို့ အသင့်ဖြစ်နေ သောအခါ . . .

" အန်ဂျီ " ဟုဖေဖေက ကျွန်မကိုခေါ်သည်။

"ဟုတ်ကဲ့ ပြောပါဖေဖေ"

"သမီးကိုဖေဖေချစ်တယ်"

"သမီးလည်း ဖေဖေ့ကို ချစ်ပါတယ်၊ ဖေဖေရယ်"။

♦ ♦

## ကြင်နာတတ်သောအပြုအမူ

An Act Of Kindness
*From The Best of Bits And Pieces*

သင်၏နောက်လိုက်ငယ်သားများအတွက်အချိန်ပေးပါ (အသေးအဖွဲ ပင်ဖြစ်စေကာမူ သူတစ်ပါးအတွက် တစ်ခုခု လုပ်ဆောင်ပေးပါ) သင်လုပ်ရတဲ့အတွက် အခကြေး ငွေမရပေမဲ့အခွင့်ထူးတော့ရမည်။

***အဲလ်ဘတ်ရှိုင်ဇာ***

ပြည်တွင်းစစ်ကာလသမ္မတ အီဘရာဟင်လင်ကွန်းသည် ဒဏ်ရာရစစ်သည်များနှင့် စကားစမြည်ပြောဆိုရန်အတွက် ဆေးရုံများသို့ မကြာခဏ အလည်အပတ်သွားခဲ့သည်။ တစ်ကြိမ်မှာတော့ သေလုဆဲဆဲဖြစ်နေသည့် စစ်သည်လေးတစ်ယောက်ရှိ ရာကို ဆရာဝန်တွေကညွှန်ပြ၍ လင်ကွန်းသည် ထိုကုတင်ဆီသို့သွားသည်။

"မင်းအတွက်ဘာတွေများလုပ်ပေးရမလဲ" ဟု သမ္မတကြီးက လူနာကိုမေးသည်။

လူနာက လင်ကွန်းသမ္မတကြီးဖြစ်မှန်း သတိမပြုမိခြင်းမှာ တင်ရှားနေသည်။ သူသည်လေကဲ့သို့ တိုးညှင်းသည့် အသံမျိုးဖြင့် စကားပြောရာမှာပင် အလွန်အားစိုက်နေရသည်။

"ကျွန်တော်အမေကို စာတစ်စောင်လောက် ရေးပေးနိုင်မလားဗျာ"

ဖောင်တိန်တစ်ချောင်းနှင့် စာရွက်များ လာပေးသောအခါ သမ္မတကြီးက လူနာပြောနိုင်သမျှ စကားများကို သေသေချာချာ လိုက်ရေးပေးသည်။

"အချစ်ရဆုံးမေမေ၊ သားတာဝန် ထမ်းဆောင်ရင်း ဒဏ်ရာအပြင်းအထန် ရခဲ့တယ်။ သား နေပြန်မကောင်းဘဲနေမှာကို စိုးရိမ်နေတယ်။ သားအတွက် သိပ်ပြီး စိုးရိမ်သောက ရောက်မနေပါနဲ့ မေမေ။ မာရီနဲ့ ဂျန်ကိုလည်း သားအတွက်နမ်းပေးလိုက်ပါဦး မေမေနဲ့ ဖေဖေကို ဘုရားသခင်ကကောင်းချီးပေးပါစေ"

စစ်သည်လူနာသည် ရှေ့ဆက် စကားမပြောနိုင်လောက်ပင် အားနည်းနေ၍ သမ္မတကြီးလင်ကွန်းက သူ့အတွက် လက်မှတ်ရေးထိုးလိုက်ပြီး "သင်၏ သားအတွက် အီဘရာဟင်လင်ကွန်းမှရေးပေးသည်" ဟု ထပ်လောင်းရေးလိုက်သည်။

လူနာလေးက စာကိုတောင်းဖတ်ပြီး သူ့အတွက် ရေးပေးသူကို သိရှိသွားသောအခါ အလွန်ပင် အံ့အားသင့်သွားသည်

"ခင်ဗျားက တကယ်ပဲ သမ္မတကြီးလား" ဟု လင်ကွန်းကိုမေးသည်။

"ဟုတ်ပါတယ် သမ္မတကြီးပါ" ဟု လင်ကွန်းကအေးဆေးစွာပင် ပြန်ဖြေသည်။ ထို့နောက် လင်ကွန်းက သူလုပ်ပေးနိုင်သည့်အလုပ် ဘာတွေရှိသေးလဲ ဟု လူနာကိုမေးသည်။

"ကျွန်တော်လက်ကို ဆုပ်ကိုင်ပေးထားနိုင်မလား ဟင်။ ဒါမှ နောက်ဆုံးအချိန်ကို မြင်နိုင်ဖို့အတွက် အထောက်အကူဖြစ်မှာ " ဟု လူနာကပြောသည်။

ငြိမ်သက်နေသောအခန်းထဲ၌ ပိန်ပိန်ရှည်ရှည် သမ္မတကြီးသည် လူနာ၏လက်ကို ဆုပ်ကိုင်ထားပြီး အားပေးစကားများ ပြောနေခဲ့သည်မှာ လူနာကွယ်လွန်သွားသည့်အချိန်အထိကြာမြင့်ခဲ့လေသည်။

♦ ♦

## ကလေးတစ်ယောက်၏ရင်ဖွင့်လွှာ

Tommy's Essay By Jone Lindstorm

မီးခိုးရောင်ဆွယ်တာအင်္ကျီလေးသည် တော်မီထိုင်နေကျ နေရာလေးမှာ လျော့တိလျော့ရဲ ချိတ်ဆွဲလျက်ရှိနေ၏။ ထိုအင်္ကျီသည် တတိယတန်းမှ အတန်းဖော်များနှင့် လိုက်ပါသွားခဲ့သော အားငယ်စိတ်ဝင်နေသည့် တော်မီ၏အင်္ကျီလေးဖြစ်သည်။ တော်မီ ကျောင်းစာများ ညံ့ဖျင်းလာခြင်း၊ အမူအကျင့်များ ပျက်ပြားလာခြင်းတို့ အတွက် ပြုလုပ်မည့်ဆွေးနွေးပွဲတွင် မကြသေးခင်ကပင် ကွာရှင်းပြတ်စဲခဲ့သော မိဘနှစ်ပါးလာရောက်ကြမည်ဖြစ်သည်။

တော်မီသည် တစ်ဦးတည်းသော သားဖြစ်ပြီး အမြဲပျော်ပျော်နေတက်သူ ပေါင်းသင်းကူညီတတ်သူ၊ ထူးချွန်သော ကျောင်းသားလေးတစ်ယောက်ဖြစ်သည်။ မကြာသေးခင်က ပြုလုပ်ခဲ့သောစာမေးပွဲတွင် တော်မီက ကောင်းစွာမဖြေနိုင်ခဲ့။ မိဘနှစ်ပါး ကွဲကွာ၍ ကွာရှင်းပြတ်စဲကြသည့်အတွက် စိတ်ပျက်အားငယ်သွားသော

ကလေးတစ်ယောက်၏ သိမ်ငယ်ညှိုးဖျင်းသွားမှုကို သူ့မိဘ တွေသိသွားအောင် ကျွန်တော် မည်သို့လုပ်ရ မလဲဆိုတာမသိ။

တော်မီ၏ မိခင်ဖြစ်သူက အခန်းထဲဝင်လာပြီး ကျွန်တော့် စားပွဲခုံဘေးမှာ ချထားသည့်ကုလားထိုင်တွေ ထဲမှ ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်သည်။ မကြာခင်မှာ ဖခင်ဖြစ်သူရောက်လာသည်။ ဒါဆိုအခြေအနေ ကောင်းပြီ။ အနည်းဆုံးတော့ သူတို့သား၏ ပညာရေးအတွက် စိုးရိမ်မှုတွေရှိနေကြသေးသည်။ သူတို့နှစ်ဦးကြားတွင် အံ့အားသင့်မှု၊ ဒေါသဖြစ်မှုတွေ ဖြတ်သန်းသွားကြသည်။ ထို့နောက် သူတို့နှစ်ယောက် သိသိသာသာပင် တစ် ယောက်ကိုတစ်ယောက် ဂရုမစိုက်ဘဲနေကြသည်။

ကျွန်တော် တော်မီ၏ အမူအကျင့်ပျက်လာမှု များ၊ ကျောင်းစာညံ့လာမှုများကို အသေးစိတ် ပြောပြနေ ရင်းနှင့် ပြန်လည် ပေါင်းဖက်ကြပါစေဟု ဆုတောင်း နေမိသည်။ သို့သော်လည်း စကားအဖြစ်ပြောဖို့ဆိုတော့ ကျွန်တော့်ပါးစပ်က ပြောမထွက်နိုင်ဘဲ ဖြစ်နေသည်။ တော်မီ၏ ညစ်ပတ်လှသော ဂရုမစိုက်သော ကျောင်းစာ တွေကိုမြင်လျှင်တော့ သူတို့သိတန် သိသွားလိမ့်မည်။

တော်မီစာရေးခုံ၏နောက်တွင် ထိုးထည့် ထားသည့် မျက်ရည်များဖြင့် စွန်းထင်နေသည့် စာရွက် လိပ်တစ်ခုကို ကျွန်တော် တွေ့သည်။ ထို တွန့်ကြေနေ သောစာရွက်မှာ အင်္ဂလိပ်ဘာသာဖြစ်သည် စာမျက်

နှာနှစ်ဘက်လုံးတွင် စာတွေအပြည့်ရေးထားသည် သို့ရာတွင် ကျောင်းစာမဟုတ် ဝါကျတစ်ကြောင်းကို ထပ်တလဲလဲရေးထားသည်။

ကျွန်တော်သည်ထိုစာရွက်ကို တိတ်ဆိတ်စွာ ဖြန့်လိုက်ပြီး တော်မီ့အမေကို ပေးလိုက်သည်။ သူမက စာရွက်ကိုဖတ်ပြီး စကားတစ်ခွန်းမှမဆိုဘဲ တော်မီ့ အဖေကို လက်ဆင့်ကမ်းလိုက်သည်။ ဖခင်ဖြစ်သူက မျက်မှောင်ကြုတ်သွားသည်။ တဖြည်းဖြည်းနှင့် သူ့ မျက်နှာက နူးညံ့ပျော့ပျောင်းလာသည်။ သူသည် မသဲမကွဲ ရေးထားသည့်စာများကို ဖတ်ရှုနေသည်မှာ မဆုံးနိုင်ဘူးဟု ထင်နေပုံရသည်။

နောက်ဆုံးမှ စာရွက်လေးကို ဂရုတစိုက် ခေါက်ပြီး အိတ်ထဲထည့်သည်။ ထို့နောက်ဇနီးဖြစ်သူက ကမ်းလှမ်းလာသောလက် နှစ်ဖက်ကို ဆုပ်ကိုင်သည်။ သူမက မျက်ဝန်းအစုံမှ မျက်ရည်များကို သုတ်လိုက်ပြီး သူ့ကိုပြုံးပြသည်။ ကျွန်တော့်မျက်လုံးအစုံမှာလည်း မျက်ရည်တွေရစ်ဝိုင်းလာသည်။ သို့ရာတွင်သူတို့ နှစ်ယောက်ကတော့ သတိပြုမိပုံမရကြပါ။ သူက သူမကို ကုတ်အင်္ကျီ ကူဝတ်ပေးပြီး အတူတကွထွက်ခွာသွားကြသည်။

ဘုရားသခင်သည် သူ့နည်းသူ့ဟန်ဖြင့် မိသားစုတစ်ခု ပြန်လည်ပေါင်းစည်းသွားအောင် ကျွန်မကို စကားလုံးတွေ ပေးသနားခဲ့သည်။ နှလုံးသားမှာ ဒုက္ခ

တွေဝေနေသည့် ကလေးတစ်ယောက်၏ သောက တွေ အံထုတ်ထားသော စာရွက်လေးရှိရာသို့ညွှန်ပြပေး ခဲ့သည်။

ကောင်လေးတော်မီရေးထားသော စကားလုံး များမှာ "ချစ်သောမေမေ၊ ချစ်သောဖေဖေ၊ သား ဖေဖေ နဲ့ မေမေ့ကိုချစ်တယ်။ သား မေမေ့ကို ချစ်တယ် သား ဖေဖေ့ကို ချစ်တယ်" ။

♦ ♦

The Beauty of Love By Anonymous

*"ကိုယ်နှင့်အတူအသက်တွေကြီးကြစို့*
*အကောင်းဆုံးတွေဖြစ်လာဦးမှာပါ. . .*
*ဘဝရဲ့နိဂုံးအတွက် နိဒါန်းကို*
*အစပျိုးရမယ်လေ"*

***ရောဘတ်ဘရောင်နင်***

မေးခွန်းကအခုလိုမေးတယ်။

"အိမ်ထောင်ရေးလမ်းကြောင်းပေါ်မှာ လူငယ်လေးနှင့် မိန်းမပျိုလေးတို့ ရှင်သန်တဲ့ လက်တွေနဲ့ တွဲချိတ်ထားတဲ့ မြင်ကွင်းထက် လှပတဲ့အရာဆိုလို့ ဘဝမှာ ရှိနိုင်ဦးမှာလား။ နုပျိုတဲ့ချစ်ခြင်းမေတ္တာထက် ပိုပြီး လှတဲ့အရာရယ်လို့ ရှိနိုင်ပါ့မလား" အဖြေက အခုလို ဖြေပါတယ်။

"ရှိတာပေါ့ အဲဒီထက်လှပတဲ့အရာ ရှိနေပါသေးတယ်။ အဲဒီမြင်ကွင်းကဘာလဲဆိုတော့ အိမ်ထောင်ရေးလမ်းကြောင်းပေါ် မှာလျှောက်ပြီးသွားတဲ့ အဘိုးအို

တစ်ယောက်နဲ့ အဘွားအိုတစ်ယောက်ရဲ့မြင်ကွင်းပေါ့။ သူတို့ရဲ့ လက်တွေဟာ အရေတွေတွန့်နေပေမဲ့ တစ်ယောက်ကိုတစ်ယောက် ဆုပ်ကိုင်ထားဆဲပဲ။ သူတို့ မျက်နှာတွေမှာ အရေးအကြောင်းတွေ ထင်နေပြီဖြစ်ပေမဲ့ ဝင်းပနေဆဲ သူတို့ရဲ့ နှလုံးသားတွေက ရုပ်ပိုင်းဆိုင်ရာ အရ ညှတ်ကွေး မောပန်းနေပြီဖြစ်ပေမဲ့ တစ်ယောက်ကို တစ်ယောက်မေတ္တာရှိမှုတွေ သစ္စာတည်မြဲမှုတွေနဲ့ သန်မာနေဆဲပဲ။ နုပျိုတဲ့ ချစ်ခြင်းမေတ္တာထက် ပိုပြီး လှပတဲ့အရာဟာ အိုမင်းတဲ့ချစ်ခြင်းမေတ္တာပဲပေါ့။

♦♦

**အပျက်အစီးထဲမှအဖိုးတန်မှုများ**

Great Value in Disaster *From* The Sower's Seeds

**"အိမ်မီးလောင်နေမှတော့ မီးလှုံရုံပဲရှိတော့တာပေါ့"**

**စပိန်စကားပုံ**

သောမတ်စ် အက်ဒီဆင်၏ ဓါတ်ခွဲခန်းမှာ ၁၉၁၄ ခုနှစ် ဒီဇင်ဘာလတွင် မီးလောင်ပျက်စီးခဲ့ရသည်။ ဓါတ်ခွဲခန်း အဆောက်အဦးပျက်စီးမှု တန်ဖိုးမှာ ဒေါ်လာ နှစ်သန်း ကျော်ရှိသော်လည်း အဆောက်အဦး တစ်ခုလုံးမှာ ကွန်ကရစ်ဖြင့် ဆောက်လုပ်ထားပြီး မီးဒဏ်ခံနိုင်သည် ဟု ယူဆထား၍ အက်ဒီဆင်သည် ဒေါ်လာ ၂၃၈၀၀၀ ဖြင့်သာ အာမခံထားသည်။ ထို ဒီဇင်ဘာလ၏ ညတစ် ညတွင် အလျှံပြီးပြီးတောက်လောင်နေသော မီးလျှံတွေ ထဲ၌ အက်ဒီဆင်၏ တစ်သက်တာတီတွင်မှု အတော် များများဆုံးရှုံးသွားခဲ့ရသည်။

**မှုဝံစာအုပ်တိုက်**

မီးများအရှိန်းပြင်းစွာ တောက်လောင်းနေချိန်၌ အက်ဒီဆင်၏ ၂၄ နှစ်အရွယ်ရှိပြီဖြစ်သည့် သားဖြစ်သူ ချားလ်စ်သည် မီးခိုးများ အပျက်အစီးကြားထဲတွင် ဖခင်ဖြစ်သူကို အပူတပြင်းလိုက်ရှာသည်။ နောက်ဆုံးမှ မီးလောင်နေသည့်မြင်ကွင်းကို တည်ငြိမ်စွာ ကြည့်နေသည့် ဖခင်ဖြစ်သူကို တွေ့သည်။ အက်ဒီဆင်၏ မျက်နှာမှာ မီးလျှံတို့၏ အရိပ်များထင်ဟပ်နေလျှက် သူ၏ ဖြူဖွေးသောဆံပင် များလေထဲတွင်ဝဲလျင့်လျက်။

"ကျွန်တော့် နှလုံးသားဟာ အဖေ့အတွက် ရင်နာနေရတယ်။ အဖေက ၆၇ နှစ်ရှိပြီလေ လူငယ်တစ်ယောက်မဟုတ်တော့ဘူး အဖေပိုင်ဆိုင်သမျှ အားလုံး မီးထဲပါသွားတာကိုး ကျွန်တော်အဖေ့ကိုတွေ့တော့ အဖေကကျွန်တော့ကို ချားလ်စ် 'မင်းအမေဘယ်မှာလဲ' လို့ ကျွန်တော့်ကိုအော်ပြောတယ်။ ကျွန်တော်မသိဘူး လို့ပြန်ဖြေလိုက်တော့ အဖေက "တွေ့အောင်ရှာပြီး ဒီနေရာကို ခေါ်ခဲ့စမ်းကွာ သူတစ်သက်လုံး ဒီလို မြင်ကွင်း မျိုးကို ဘယ်တော့မှ မြင်ခွင့်ရနိုင်မှာ မဟုတ်တော့ဘူးကွ" လို့ပြောတယ်' ဟု ချားလ်စ်ကပြောပြသည်။

နောင်တစ်နေ့မနက်ခင်းမှာတော့ အက်ဒီဆင်သည် မီးလောင်ခံရသည့် အပျက်အစီးများကို ကြည့်ပြီး "ဒီအပျက်အစီးထဲမှာ တကယ့်ကို တန်ဖိုးထိုက်တန်တာ

ရလိုက်တယ်။ ငါတို့ရဲ့ အမှားတွေအကုန်လုံး မီးလောင်သွားပြီ။ အခု အသစ်က ပြန်စနိုင်ပြီးဖြစ်တဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမယ် ” ဟုဆိုသည်။

မီးလောင်းမှုဖြစ်ပွားပြီး သုံးပတ်ကြာသောအခါ အက်ဒီဆင်သည် သူ၏ပထမဦးဆုံးသော ဓါတ်ပြားစက်ကို တီတွင်ဖန်တီးနိုင်ခဲ့လေသည်။

♦ ♦

## ကျွန်မသမီး ကျွန်မရဲ့ဆရာ

My Daughter, My Teacher By Jonet S.Meyer

"ကလေးများသည် သင်၏ကမ္ဘာကို သင့်အတွက် ပြန်လည်တီထွင်ပေးသည်"

***ဆူဆန် ဆာရန်ဒွန်***

ကလေးများသည် နေ့စဉ်နှင့်အမျှ ကျွန်မတို့ကို တစ်စုံတစ်ရာ သင်ကြားပေးသည်။ မိခင်တစ်ယောက်ဖြစ်သော ကျွန်မအနေနှင့် ထိုသို့ကြုံရမည်ကို သိနေခဲ့သည်။ သို့သော်လည်း တစ်ခါတစ်ရံ၌ ကျွန်မသမီး၏သင်ကြားမှုပမာဏကြောင့် ကျွန်မ လွန်စွာအံ့အားသင့်ရပါသည်။

သမီးလေး မာရစ်ဆာ ခြောက်လအရွယ်က အပေါ်ကိုပဲအမြဲကြည့်နေတတ်ခဲ့သည်။ ကျွန်မသမီးနှင့်အတူလိုက်ကြည့်မိသောအခါ သစ်ပင်တွေပေါ်မှာ ယိမ်းလှုပ်ကခုန်နေသည့်သစ်ရွက်များ၏ ဆန်းကြယ်မှုကို သိခဲ့

ရသည်။ ဂျက်လေယာဉ်တစ်စင်း၏ အံသြဖွယ်ရာ နောက်မြီးပိုင်းကို တွေ့ရှိခဲ့ရသည်။ ရှစ်လအရွယ် ရောက်လာသောအခါ သမီးသည်အောက်ကိုပဲ အမြဲကြည့်နေတတ်သည်။ ထိုအခါ ကျောက်ခဲတစ်လုံးနှင့်တစ်လုံး ကွဲပြားပုံ ပလက်ဖောင်းပေါ်မှအက်ကွဲကြောင်းများသည် ရှုပ်ထွေးလှသော ဒီဇိုင်းများလိုဖြစ်နေပုံ မြက်များတွင် မတူညီသောအစိမ်းရောင်မျိုးရှိနေပုံတို့ကို ကျွန်မသိလာရသည်။

သမီးလေး၁၁ လအရွယ် ရောက်လာသောအခါ "ဝိုး" ဟု သောစကားလုံးကို စပြောစပြုလာသည်။ သူ့အတွက်ဆန်းသစ်သည့်၊ အံ့သြစရာကောင်းသည့် အရာမှန်သမျှကို မြင်သည့်အခါတိုင်း ထိုအံ့ဖွယ် စကားလုံးကိုပြောသည်။ သူငယ်နာ အထူးကုဆရာဝန်၏ ရုံးခန်းထဲမှာ အရုပ်မျိုးစုံကိုမြင်ရသည့်အခါ မုန်တိုင်းမကျမီ တိမ်တွေအုံ့ဆိုင်းနေသည့် မြင်ကွင်းမျိုးကို မြင်ရသည့်အခါ ထိုစကားလုံး ကိုသမီးပြောတတ်သည်။ သူ့ကို အမှန်တကယ် စိတ်လှုပ်ရှားစေသည့်အရာမျိုး ဖြစ်ခဲ့ပါက( ဥပမာ-သူ့မျက်နှာကို လေပြည်သုတ်ခနဲ တိုက်ခတ်သွားတာမျိုး ခေါင်းပေါ်မှာ ငှန်းရိုင်းတို့ အုပ်ဖွဲ့ပျံသွားတာမျိုး) "အိုးဝိုး" ဟု ခပ်တိုးတိုးလေးပြောတတ်သည်။ အမှန်တကယ် အံ့သြစရာကောင်းသည့် အဖြစ်အပျက်များ ကြုံရသည့်အခါမျိုးမှာတော့ သမီးသည် "ဝိုး" ဆိုသောစကားလုံးကို အသံမထွက်ဘဲ ပါးစပ်အဟောင်း

သားနှင့် အမူအရာလုပ်ပြတတ်သည်။ မီနီဆိုတာ၏ ထူးခြားလှသော တစ်နေ့တာကုန်လွန်ပြီး ကန်ရေပြင်တွင် နေဝင်သည်ကိုမြင်ရသည့်အခါ၊ နွေရာသီတွင် မီးရှူးမီးပန်းများကို မြင်ရသည့်အခါ သမီးက ထိုသို့လုပ်တတ်သည်။

"သမီးကိုမေမေချစ်တယ်" ဆိုသောစကားကို ပြောရန်အတွက် သမီးက ကျွန်မကို နည်းလမ်းပေါင်းများစွာ သင်ကြားပေးခဲ့သည်။ သမီး ၁၄ လပြည့်သည့် တစ်မနက်ခင်းမှာ "မေမေ့ကိုသမီးချစ်တယ်" ဆိုသောစကားကို ကောင်းစွာ ပြောနိုင်ခဲ့သည်။ သမီးက ကျွန်မကိုအတင်းတိုးဝှေ့ဖက်ထားသည်။ သမီးက ကျွန်မပခုံးပေါ်ကို ခေါင်းမှီထားရင်း ကျေနပ်သည့်လေသံလေးဖြင့် "ပျော်လိုက်တာ" ဟုဆိုပါသည်။ သမီးနှစ်နှစ်အရွယ်ရောက်သည့် တစ်နေ့မှာတော့ မဂ္ဂဇင်းတစ်စောင်၏ မျက်နှာဖုံးရှင် မော်ဒယ်လ်ကောင်မလေးကို ကြည့်ပြီး "ဒါမေမေ့ပုံလားဟင်" ဟုမေးပါသည်။

သမီးသုံးနှစ်အရွယ်တွင် ညစာစားသောက်ပြီးစီးသွား၍ သန့်ရှင်းရေးလုပ်နေချိန်၌ သမီးသည် မီးဖိုချောင်ထဲသို့ဝင်လာပြီး "သမီးဘာကူလုပ်ရမလဲ" ဟုမေးပါသည်။ ခဏကြာပြီးသောအခါ သမီးက ကျွန်မလက်မောင်းပေါ်ကို သူ့လက်တင်ပြီး "မေမေ၊ မေမေ သာကလေးအရွယ်ဆိုရင် သမီးရဲ့ သူငယ်ချင်း ဖြစ်မှာပေါ့နော်" ဟု ပြောသည်။

ထိုကဲ့သို့သောအချိန်မျိုးမှာတော့ ကျွန်မနေနှင့်အောက်ပါအတိုင်းသာပြန်ပြောနိုင်ခဲ့သည်။

" အိုး ၊ ဝိုး " ။

♦ ♦

## လူအိုရုံက ချစ်ပုံပြင်

Love Story By Robert Fulghum

အလွန်အိုမင်းနေသော အဘိုးအိုဂျော့ချ်ကို သူ့မိသားစုတွေက လူအိုရုံသို့ လာပို့သည့်အဖြစ်မှာ အလွန်စိတ်ထိခိုက်စရာ ကောင်းလှသည်။ အဘိုးအို ဂျော့ချ်ကို လာတွေ့သူဟူ၍ တစ်ယောက်မှ မရှိပေ။ တစ်ရက်မှာတော့ အဘိုးအိုသည် စကားမပြောတော့ဘဲ သူအခန်းထဲမှ မထွက်ဘဲ နေတော့သည်။ သူသည် ဝန်ထမ်းများနှင့်လည်း အဆင်ပြေပြေ နေခဲ့သည်။ သူ့ကိုယ် သူစောင့်ရှောက်နိုင်လောက်အောင်လည်း လှုပ်ရှားနိုင်သည်။ ထမင်းကိုစားမြဲစားသည်။ ရေလည်း ချိုးမြဲချိုးသည်။ သို့ရာတွင် သူသည် တစ်ကိုယ်တည်းသာ သီးသန့်နေလေတော့သည်။ သူ့အခန်းထဲက လှုပ်ကုလားထိုင်ပေါ်မှာပဲ တစ်နေကုန်ထိုင်ပြီး ပြတင်း ပေါက်အပြင်သို့သာ ငေးကြည့်နေလေသည်။ ဝန်ထမ်းများကလည်း

သူသဘောကျသလို နေထိုင်ခွင့်ရှိတာပဲ ဟု ဆုံးဖြတ်ကာ သူ့သဘောနှင့် သူနေစေလေသည်။

လူအိုရှုံရှိ မဂ္ဂီဆိုသည့် အဘွားအို တစ်ယောက်က ဂျော့ချ်ကို စိတ်ဝင်စားနေသည်။ သူမြင်ကွင်းက ပျောက်သွားလျှင် သူ့အခန်းထဲသို့ သွားလည်သည်။ သူမလာသည်ကို ဂျော့ချ်အနေနှင့် အနှောက်အယှက်ဖြစ်ပုံမရသလို စကားတုံ့ပြန်ပြောဆိုခြင်းမျိုးလည်း မရှိပေ။ အဘွားအိုသည် အိပ်ရာခင်းတစ်ထည်ကို ချည်စထိုးသည်။ အချိန်ရလျှင်ရသလို သူမ၏ ချည်ထိုးပစ္စည်းများကို ထဖြည်းဖြည်းချင်း ဂျော့ချ်၏ အခန်းထဲသို့ ရွှေ့ပြောင်းထားလေသည်။ သူမသည် နေ့လည်ခင်းအချိန်များတွင် ချည်ထိုးနေရင်းနှင့် သူမ၏ ဘဝဇာတ်ကြောင်းတွေကို ပြောပြသည်။ ဂျော့ချ်ကတော့ ပြတင်းပေါက်အပြင်ဘက်သို့ ကြည့်မြဲကြည့်နေဆဲသာ။ သူမသည် ဇာတ်ထဲမှာ နေခဲ့ဖူးသည်။ သူမမှာ ပြောစရာ ဇာတ်လမ်းတွေ တစ်သန်းလောက်ရှိသည်။ သူမ ပြောတာကိုနားထောင်မည့်သူရှိလျှင် သူမအလွန် ပျော်သည်။ သူကထိုင်ပြီး ပြတင်းပေါက်အပြင်ကို ကြည့်မြဲကြည့်နေဆဲ။ သူမကလည်း ဇာတ်လမ်းတွေကို ပြောပြနေမြဲ။ ဒီလိုနှင့် လပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။

မဂ္ဂီချည်ထိုးနေသည့် အိပ်ရာခင်းပြီးသွားသောအခါ ထိုလက်ရာကို လူအိုရှုံ ခန်းမကျယ်ကြီးထဲတွင်ပြသလေသည်။ လူတိုင်းက မဂ္ဂီထိုးထားသည့်

အိပ်ရာခင်းသည် သူတို့မြင်ဖူးသည့် အလှဆုံး အိပ်ရာခင်းတွေထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု ချီးကျူးပြောဆိုကြလေသည်။ ထိုအိပ်ရာခင်းသည် သူမတစ်သက်တာတွင် တစ်ခုတည်းသောလက်ရာဖြစ်၍ မဂ္ဂီကပို၍ ဝမ်းသာဂုဏ်ယူနေလေသည်။

အိပ်ရာခင်းထိုးပြီးသည့်အပတ်မှာပဲ အဘိုးအိုဂျော့ချ် ကွယ်လွန်သွားခဲ့သည်။

သူ့အခန်းထဲက စားပွဲတစ်ခု၏ အံ့ဆွဲထဲမှာ စာအိတ်တစ်အိတ်ကို ဝန်ထမ်းတစ်ယောက်က တွေ့သွားသည်။ ထိုစာအိတ်ပေါ်တွင် 'ကျွန်ုပ်သေပြီးမှဖွင့်ရန်' ဟု ရေးထားသည်။ စာအိတ်ထဲက စာရွက်လေးမှာတော့ စာတစ်ကြောင်းသာပါသည်။

"ကျွန်ုပ် မဂ္ဂီကို ချစ်တဲ့အကြောင်း ပြောပြပေးပါ" ဟု ရေးထားသည်။

ဝန်ထမ်းတွေက မဂ္ဂီကိုပြောပြသောအခါ မဂ္ဂီသည်ရင်ကွဲလုမတတ် ငို၏။ သူမကလည်း ဂျော့ချ်ကို ချစ်နေတာကိုး။ သူအိပ်ရာခင်းလေး လုပ်ထားတာကလည်း ဂျော့ချ်အတွက် လုပ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် ဂျော့ချ်ကို မဂ္ဂီ၏ အိပ်ရာခင်းဖြင့်ရစ်ပတ်လျှက် သင်္ဂြိုလ်လိုက်ရခြင်းဖြစ်သည်။

♦ ♦

## မြေပဲလှော်များ

Groundnuts By Marilyn

ယခုဇာတ်လမ်းသည် ကျွန်မမေမေ၏ တကယ့်ကိုယ်တွေ့ချစ်ဇာတ်လမ်း ဖြစ်ပါသည်။ မေမေ့ကို ကိုယ်တိုင်ရေးဖို့ပြောသော်လည်း မေမေက အလွန် ရှက်နေသည်။ မေမေကိုယ်တိုင် မရေးတာက ပိုကောင်းပါသည်။ ကျွန်မမောင်လေးနှင့် ကျွန်မလူဖြစ်လာရခြင်းမှာ မြေပဲလှော်ကြောင့်ဖြစ်သည်ဟု ထိုဇာတ်လမ်းက ဖွင့်ဆိုထားသည်။

မေမေက အထက်တန်းကျောင်းပြီးသောအခါ တစ်ခုကလွဲ၍ ကျန်သည့်အရာတွေအားလုံး မေမေ့အတွက်အဆင်ပြေသည်။ မေမေကလှသည်၊ တော်သည်၊ ရိုးရိုးသားသား လုပ်ကိုင်စားသောက်သော မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ သို့ရာတွင် မေမေက အလွန်ရှက်တတ်သည်။ အထူးသဖြင့် ယောကျ်ားလေး

တွေရှေ့မှာဆို ပို၍ ရှက်တတ်သည်။ မေမေသည် အေးဆေးလွန်းသူတစ်ယောက်ဖြစ်၍ ယောကျ်ားလေးတွေက အပြင်ခေါ်ထုတ်မသွားချင်ကြ မေမေသည် ဘွားဘွား ကျေနပ်စေရန်အတွက် ဘွားဘွားတက်ခဲ့သည့် ကောလိပ်မှာပဲတက်သည်။ ဘွားဘွားလုပ်ခဲ့ဖူးသည့် အမျိုးသမီးအသင်းမှာပဲ အသင်းဝင်ဖို့ သဘောတူခဲ့သည်။ အမျိုးသမီးအသင်းက ပါတီပွဲတစ်ပွဲလုပ်၏။ မေမေသည် လူသူဆိတ်ကွဲသည့် အခန်းထောင့် တစ်နေရာမှာပဲ ထိုင်နေခဲ့သည်။ မေမေထိုင်သည့်ထောင့်က စားပွဲပေါ်မှာ အချိုပွဲတွေရှိသည်။ မေမေသည် ဘာရယ်မဟုတ်ပါဘဲ နှင့် မြေပဲလှော်တွေကိုသာ ဖိပြီးစားနေခဲ့သည်။

မေမေ့လိုပဲ ရှက်တတ်ပုံရသည့် စားပွဲထိုးလေးတစ်ယောက်ကို မေမေသတိထားမိသည်။ သူသည် ဘာမှမပြောသော်လည်း မေမေ့ကိုတော့ ဂရုစိုက်သည်။ မေမေ၏ ဖန်ခွက်ထဲတွင်အရက်မပါသည့် ဖျော်ရည်တွေ မပြတ် ဖြည့်ပေးသည်။ မြေပဲလှော်ခွက်ထဲကိုလည်း ပြည့်လျှံနေအောင်ဖြည့်ပေးသည်။ သူတို့နှစ်ယောက် မကြာခဏ မျက်လုံးချင်းဆုံသောအခါ တစ်ယောက်ကိုတစ်ယောက် ပြုံးပြမိကြသည်။

ကပွဲစသည့်အခါ ပါတီပွဲက ဆူညံလာ၍ မေမေသည် နောက်ဖေးပေါက်မှထွက်၍ ပြန်ရန် မီးဖိုချောင်ထဲဝင်ခဲ့သည်။ မေမေ လမ်းကြားထဲ ရောက်သောအခါ နောက်မှတစ်စုံတစ်ယောက်က လှမ်းခေါ်လိုက်သံကိုကြားလိုက်ရသည်။

"နေဦး၊ နေဦး ခဏလောက်နေပါဦးဗျာ"

လှမ်းခေါ်သူက စားပွဲထိုး ဖြစ်နေသည်။ သူသည်စက္ကူထုပ်တစ်ထုပ်နှင့်အတူ လမ်းကြားအတိုင်းပြေးဆင်းလာသည်။ သူတို့ နှစ်ယောက်သည် ဘာမှမပြောဘဲ ရှက်ကိုးရှက်ကန်းဖြင့်ပြုံးလျှက် ရယ်နေမိကြသည်။ ထို့နောက်သူသည် စက္ကူအိတ်ထဲလက်နှိုက်ပြီးမြေပဲလှော်တစ်ဗူးထုတ်လိုက်ကာ မေမေ့ကို ပေးရင်း "ကျွန်တော်ကတော့ ဒီမြေပဲဆန်တွေဟာ ပုလဲလုံးလေးတွေပဲ ဖြစ်စေချင်တယ်" ဟု ပြောသည်။

သူသည် လမ်းကြားအတိုင်းပြေးတက်သွားကာ ဆူညံနေသော ပါတီပွဲအိမ်အတွင်းသို့ ဝင်သွားလေသည်။

ဒီလိုနှင့် ဇာတ်လမ်းက တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့သည်။

နှစ်ဆယ့် ငါးနှစ်ကြာပြီးနောက် မေမေနှင့် စားပွဲထိုး (ကျွန်မဖေဖေ) ၏ အိမ်ထောင်သက် ငွေရတုအထိမ်းအမှတ်နေ့တွင် ဖေဖေက 'မြေပဲလှော်များ' ဟူသော စာသားရေးထိုးထားသည့် အဖိုးတန်ငွေကရားတစ်ခုကို မေမေ့အား လက်ဆောင်ပေးသည်။ မေမေက ဖေဖေပေးသည့်သာမန်လက်ဆောင်တစ်ခုပဲဟု ထင်ကာတကယ့်ကို ကျေနပ်သွားသည်။ ထို့တက်ပိုကျေနပ်စရာတစ်ခု ရှိသေးပါသည်။ မေမေ ငွေကရားအဖုံးကို ဖွင့်လိုက်တော့ အထဲမှာ တွေ့လိုက်ရသည့်အရာမှာ ပုလဲလည်ဆွဲတစ်ခု ဖြစ်နေလေသည်။

**မူဝံစာအုပ်တိုက်**

ထိုလက်ဆောင်ထက် ကျေနပ်မှုပေးနိုင်သည့် လက်ဆောင်မျိုးမေမေ့မှာ ရှိမှာမဟုတ်တော့ပါ။ မေမေသည် ထိုပုလဲလည်ဆွဲကို သူ၏ တစ်ခုတည်းသောရတနာတစ်ပါးပမာ နှစ်ပေါင်းများစွာ ဆွဲခဲ့သည်။ ဖေဖေကားမှောက်၍ ဆုံးပါးသွားသောအခါ မေမေသည်မြေပဲလှော်ငွေကရားကို ဖေဖေ့အလောင်းနှင့်အတူထည့်ပေးလိုက်ပါသည်။ ဖေဖေဆုံးပြီးနောက်ပိုင်း မေမေပုလဲလည်ဆွဲ ဆွဲသည်ကို ကျွန်မ မတွေ့မိတော့ပါ။ ထိုလည်ဆွဲဘယ်မှာရှိတယ်ဆိုတာ ကျွန်မသိသည်ဟု ထင်ပါသည်။ သို့ရာတွင် ကျွန်မသည် မေမေ့ကို မေးဖို့အလွန်ရှက်နေမိပါသည်။

♦ ♦

## ဘုရားသခင်ပေးတဲ့လက်ဆောင်

The Gift of God By Patrick Godfrey

ကျွန်တော်နှင့် မာဂျီသည် ငယ်ကျွမ်းဆွေများ ဖြစ်ကြပြီး ကျွန်တော်တို့ ၁၃ နှစ်အရွယ်မှ အသက်နှစ် ဆယ်အထိ ကျွန်တော်နှင့် သူမတို့ တတွဲတွဲ နေဖြစ်ခဲ့ကြသည်။ ကျွန်တော်တို့ နှစ်ယောက်သည် တစ်ယောက် ကိုတစ်ယောက် လေးလေးနက်နက် ရှိကြပါသည်။ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝ ပြီးဆုံး သောအခါ ကျွန်တော်တို့၏ ဘဝတွေ ပြောင်းလဲသွား ကြပြီး တစ်ကွဲတစ်ပြားဆီ ဖြစ်သွားခဲ့ရသည်။ သူမက အရှေ့ပိုင်းကန်နက်တီဘက်သို့ ရောက်သွားပြီး ထိုမှ တစ်ဖန် နယူးမက္ကဆီကိုမှာ ကောလိပ်တက်ပါသည်။ ကျွန်တော်က အိုဟိုင်းရိုးပြည်နယ်ရောက်သွားပြီး ဟာဝိုင်အီကောလိပ်ကို သွားတက်ခဲ့ရသည်။ သူမသည် ကျွန်တော်၏ ပထမဆုံး၊ အချစ်ဆုံးအဖြစ် အမြဲထာဝရ

ရှိနေမည်ဖြစ်သော်လည်း အချိန်တန်လျှင်တော့ တစ်ပါး သူတွေပဲလက်ထက်ကြပါလိမ့်မည်။

နောင် ၁၅ နှစ်ကြာပြီးသောအခါ (၁၉၇၈ ခန့်က) ကျွန်တော့်ဘဝသည် သပွတ်အူတစ်ခုလို ရှုပ် ထွေးခဲ့ရ၏။ ယောက်ျားတစ်ယောက်အနေနှင့် တမင် တကာဖန်တီးခဲ့သော ဘဝမျိုးမဟုတ်ပေ။

အရက်ကို စွဲသောက်သည့်အတွက် ကျွန် တော့်မှာ ရောဂါတစ်ခု ရလာသည်။ ထိုရောဂါသည် ကျွန်တော့် မိသားစုတစ်ခုလုံးကို ဒုက္ခပေးခဲ့၏။ ကျွန်တော်သည်လည်း မကြာခဏ ဆေးရုံးကို တက် လိုက်၊ ဆေးရုံးကဆင်းလိုက်နှင့် သေလုမျောပါး ဖြစ်ရ သည်။

သုံးပတ်ကြာပြီးနောက် ကျွန်တော် ဆေးရုံပေါ် ကဆင်းသောအခါ ရုပ်ပိုင်းဆိုင်ရာအရ၊ ငွေရေးကြေးရေး အရ ဖွတ်မွဲပြာစု ဖြစ်ခဲ့ရသည်။ ကျွန်တော့်ဘဝကြီး ဘာဖြစ်လာမလဲဆိုတာကို ကျွန်တော် စိတ်ကူးပုံဖော် ကြည့်၍မရ။

မကြာခင်အချိန်အတွင်းမှာ ကျွန်တော် ဇနီးဖြစ် သူနှင့် တရားဝင်ကွာရှင်းမည်။ ကျွန်တော်၏ ကိုးနှစ် အရွယ်သားတစ်ယောက်နှင့် ဆယ်နှစ်အရွယ် သား တစ်ယောက်ကို ကျွန်တော်ပဲ အုပ်ထိန်း စောင့်ရှောက် မည်။ သားနှစ်ယောက်၏ တစ်ဦးတည်းသောမိဘအဖြစ် ဘဝကို ရုန်းကန်ပြီးဘယ်တော့မှ နောက်အိမ်ထောင် မပြုတော့ဘူးဟု သစ္စာဆိုမည်။

ဆေးရုံကဆင်းပြီး သီတင်းပတ် အတော်ကြာသွားပြီးသောအခါ တစ်ညနေခင်း၌ ကျွန်တော်သည် အမေနှင့်အတူထိုင်ကာ မိသားစုဓါတ်ပုံဟောင်းတွေကို ပြန်လှန်၍ ကြည့်နေမိသည်။ ကျောင်းကပွဲရှေ့မှာ ကျွန်တော်နှင့် ကျွန်တော့် ငယ်ကျွမ်းဆွေတို့ အတူတွဲရိုက်ထားသည့်ဓါတ်ပုံကို ပြန်တွေ့လိုက်ရသည်။ ထိုစဉ်က ကျွန်တော်တို့၏ အသက်မှာ ၁၇ နှစ်အရွယ်သာရှိသေးပြီး တစ်ယောက်ကိုတစ်ယောက် အရူးအမူးချစ်နေကြချိန်လည်းဖြစ်သည်။

"အိုဘုရားသခင် ကျွန်တော့်ရဲ့ အိမ်ထောင်သက် ဆယ့်တစ်နှစ်အတွင်းမှာ ကျွန်တော် ဘာတွေလုပ်ခဲ့မိပါလိမ့်။ ကပ်ဒုက္ခဆိုးထဲ ရောက်ခဲ့ရတာပဲ။ ကျွန်တော်ဟာ မာဂျီရီနဲ့လက်ထပ်ပြီး သာမန်ဘဝလေးတစ်ခုတည်ထောင်ပြီး မနေနိုင်ခဲ့ရတာကဘာကြောင့်လဲ။ ကျွန်တော်သူ့ကိုသိပ်ချစ်တယ်။ ချစ်လွန်းလို့ လက်ထပ်ဖို့တောင် မေးစမ်းရမယ့်စိတ်ကူးမျိုး မပေါ်ခဲ့မိဘူး။ ကျွန်တော်ဟာ ဘာကြောင့်များ တခြား တစ်ယောက်နဲ့ လက်ထပ်မိခဲ့ရတာပါလိမ့်။ ကျွန်တော်ဟာ ဘာကြောင့် တစ်ခြားဘဝတစ်ခုကိုဖြတ်သန်းခဲ့ရတာလဲ။ ကျွန်တော်သူ့ကို တွေ့အောင်ရှာဖို့ ကြိုးစားမှုပဲ" ဟု ကျွန်တော်မေမေ့ကိုပြောပြမိသည်။

"ငါ့သား ဆေးရုံမှာ ခဏလောက် ပြန်သွားနေရင်ကောင်းမယ်ထင်တယ်။ သားရဲ့ဇနီးနဲ့ ကွာရှင်းတဲ့

ကိစ္စတောင် ပြီးပြီးပြတ်ပြတ် ဖြစ်သေးတာမှ မဟုတ်ပဲ။ ဒီအချိန်မှာ နောက်ထပ် ဇာတ်လမ်းတစ်ခုကိုစဖို့ စဉ်းစားသင့်တဲ့အချိန်မျိုးမဟုတ်ဘူး သားရဲ့။ ဒါ့အပြင် သားမာဂျရီနဲ့ စကားမပြောရ၊ မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ။ ၁၅နှစ်လောက်ကြာပြီမဟုတ်လား။ သူလည်း အိမ်ထောင်တွေကျ၊ ကလေး လေးယောက်လောက်ရပြီး နယူးမက္ကစီကိုမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အခြေတကျ ဖြစ်နေလောက်ပြီပေါ့ကွယ်။ သူ့ကိုမေ့ပစ်လိုက်ပြီး မြေးနှစ်ယောက်ကိုပဲ ပြုစုပျိုးထောင်ဖို့ အာရုံပြုပါကွယ်" ဟု မေမေက ဆိုပါသည်။ကျွန်တော် ဆောက်သ်ဘေး တယ်လီဖုန်းလမ်းညွှန်စာအုပ် ထဲက မာဂျရီနာမည်ပါတဲ့ လူနာမည်တွေအကုန်လုံး လိုက်ရှာကြည့်သည်။ လော့စ်အိန်ဂျလိစ် တစ်ဝိုက်မှာ မာဂျရီနာမည် ဆယ့်နှစ်ခု တွေ့သည်။ ကျွန်တော် သူတို့ဆီ ဖုန်းဆက်သည်။ သူတို့က နာမည်တူတွေဆိုတော့ မာဂျရီနဲ့ ညီအစ်မတော်စပ်လား အဒေါ်တော်စပ်လား မာဂျရီတစ်ယောက် ဘယ်မှာရှိတယ်ဆိုတာ သိရမည်အထင်ဖြင့် ဆက်ကြည့်ခြင်းဖြစ်သည်။ ကျွန်တော်သည်သူမနှင့် ပက်သက်ပြီး တကယ့်ကို အသည်းအသန် ဖြစ်နေမိပါသည်။ မဖြစ်မနေ ကိုတွေ့ချင်နေမိသည်။

ထိုနေ့ညက ကျွန်တော်သူမကိုမတွေ့ပါ။ သူမနှင့်ဆွေမျိုးနီးစပ်တွေကိုလည်းမတွေ့ပါ။ သို့ရာတွင် ကျွန်တော် သူမကို ထပ်တွေ့ရလိမ့်မည် ဆိုသော အစွဲ

သည် အလွန်ခိုင်မာနေကြောင်း မေမေ့ကို ပြောပြမိသည်။

နောက်တစ်နေ့မနက် ခုနှစ်နာရီခွဲတွင် ကျွန်တော်အလုပ်လုပ်ရာ ဟောလိဝုဒ်သို့သွားရန် ရိုးလင်းဟဲလ်မှ ထွက်ခဲ့ကာ လေ့စ်အိန်ဂျလိစ်ချိုင့်ဝှမ်းကို ဖြတ်ခဲ့သည်။ ဘာအကြောင်းရယ်ကြောင့်မဟုတ်ဘဲ ကျွန်တော်တခြားလမ်းတစ်ခုမှသွားရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ကျွန်တော် ဘယ်ဘက်ယာဉ်ကြောကိုယူကာ ဆန်ဒိုင်ရိုးလမ်းမကြီးဘက်သို့ ဦးတည်ခဲ့သည်။ ထိုလမ်းသည် ကျွန်တော်အလုပ်သွားရာတွင် ပိုပြီးအချိန်ကြာတတ်၍ ကျွန်တော်အနေနှင့် သွားခဲသော လမ်းဖြစ်သည်။

ကျွန်တော်သည်တခြားကားပေါင်းများစွာနှင့် ယှဉ်လျက် လမ်းမကြီးသို့ရောက်ကာနီးသောအခါ ထိုလမ်းမကြီး၏ သွားလာမှုစနစ်အရ လုပ်ထားသည့် မီးပွိုင့်က မီးနီသွား၍ ကားကိုရပ်လိုက်ရသည်။ မီးစိမ်းလာအောင်စောင့်နေရသည်။

ကျွန်တော် မီးစိမ်းကို စောင့်နေစဉ်မှာပဲ ပြိုင်ကားလေးတစ်စီးသည် ကျွန်တော့်ကားနှင့် ယှဉ်လျက်လာရပ်ပြီး ဟွန်းတီးသည်။ ကျွန်တော်အနေဖြင့် ပြိုင်ကားထဲကိုတော့ လှမ်းမမြင်ရ။ ကားမောင်းသူသည် မျက်မှန်အမည်းကြီးတပ်ထားသည် ဆိုတာကိုတော့ ကျွန်တော် ပုံဖမ်းလို့ရသည်။

မျက်မှန်အမည်းကြီးကို နဖူးပေါ် တင်လိုက်တော့မှ သူမဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မာဂျရီဆောက်သ်ဝှါသ်။ ကျွန်တော် ကြက်သေ သေသွားမိသည်။ ကျွန်တော် စတီယာရင်ပေါ်နဖူးအပ်ပြီး ငိုပစ်လိုက်မိသည်။ ပြီးတော့မှရယ်မိသည်။ ကျွန်တော်မယုံနိုင်စရာကောင်းလောက်အောင်ဖြစ်နေတာကိုး။ မီးစိမ်းသောအခါ ကျွန်တော် လမ်းမကြီးထဲဝင်ခဲ့ရသည်။ ညာဘက်ယာဉ်ကြောကိုယူပြီး လမ်းမကြီးပေါ်မှ ဆင်းဖို့ညာဘက် အချက်ပြမီးကိုဖွင့်လိုက်သည် သူမကလည်း ကျွန်တော်နည်းတူလိုက်လုပ်သည်။ ကျွန်တော်တို့နှစ်ယောက်ကြားထဲမှာ ဆက်နွယ်မှုရှိနေဆဲပါလားဟု ကျွန်တော်တွေးမိသည်။

ကျွန်တော်တို့လမ်းမကြီးမှခွာခဲ့ပြီး မက်တယ်တွိုင်းဆိုင်ရှေ့က ကားထိုးသည့် နေရာမှာ ကားကိုရပ်လိုက်သည်။ ကျွန်တော် ကားထဲမှထွက်ပြီး သူမထံလျှောက်သွားကာ တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်ထားမိကြသည်။ ကျွန်တော်တို့နှစ်ယောက် စကားတွေပြောကြပြီး မေးခွန်းအနည်းငယ်စီသာ မေးဖြစ်ကြသည်။ (သူမတစ်ကိုယ်တည်းနေသည်မှာ ဆယ့်လေးနှစ်ရှိလေပြီ) ကျွန်တော် သူမဖုန်းနံပါတ်ကိုတောင်းထားလိုက်သည်။ ထိုနေ့ညမှာ ကျွန်တော်သူမကိုဖုန်းဆက်ပြီးလာမည့်သောကြာနေ့ညတွင် ညစာစားဖို့ အစီအစဉ်ဆွဲကြသည်။

ရှစ်လကြာပြီးနောက်မှာတော့ ကျွန်တော်တို့၏ မူလတန်းကျောင်းလေးနှင့် လော့စ်အိန်ဂျလိစ်ကို အုပ်မိုးမြင်နေရသည့် တောင်ကုန်းလေးပေါ်မှာ ကျွန်တော်တို့

နှစ်ယောက် မင်္ဂလာပွဲကြီး ကျင်းပသည်။ အိမ်ထောင်သက် ၁၆နှစ်ကြာသည်အထိ ကျွန်တော်တို့၏ အိမ်ထောင်ရေးသည် သာသာယာယာရှိနေဆဲ။ ဖက်ဒရယ်ဝေးအလုပ်မှာ နေထိုင်ဆဲ။

သူမနှင့် ကျွန်တော်ပေါင်းဖက်ရမှုမှာ ဘုရားသခင်ပေးအပ်သည့် အထူးလက်ဆောင်တစ်ခုအဖြစ် ကျွန်တော်တို့ နှစ်ယောက်စလုံး ခံယူထားကြပါသည်။ အံ့တစ်ပါး လက်ဆောင်ပင်တည်း။

♦ ♦

## အဆုံးမရှိတဲ့အချစ်

Eternity of Love By Myrna

ကျွန်တော့်ဖေဖေဟာ မေမေရဲ့ခြေသည်းကို ဆိုးပေးနေတယ်။ ဖေဖေ မေမေ့ခြေသည်းကို ဆိုးပေးချိန်က ကျွန်တော် အနားမှာရှိတယ်။ အဲဒီအချိန်က ကျွန်တော်တို့ မိသားတစ်စုလုံး အိုရီဂွန်က အပန်းဖြေစခန်း တစ်ခုကို ရောက်နေချိန်ပေါ့။ ဖေဖေနဲ့မေမေတို့ရဲ့ အနှစ်လေးဆယ်မြောက် အိမ်ထောင်သက်တမ်း အထိမ်းအမှတ်ကိုဆင်နွှဲကြဖို့လေ။ မေမေဟာအထက်တန်းကျောင်းမှာ ရှိစဉ်ကတည်းက၊ အလှဘုရင်မဘွဲ့ရ ခဲ့ချိန်ကတည်းက အမြဲတမ်း အလှမပြတ်နေခဲ့သူ။ မေမေက တကယ့်ကိုပဲ လှပချောမောပါတယ်။ မေမေ့လက်ကလည်းလှတယ်။ ခြေထောက် ကလည်းလှတယ်။ မေမေက မိတ်ကပ် ကြိုက်တယ်။ မျက်နှာချေကြိုက်တယ်။ ရေမွှေးကြိုက်တယ်။ ခြေသည်းလက်သည်း

ဆိုရင်လည်း မေမေ ဘယ်တော့မှအဆိုး မပျတ်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ရေကူးကန်မှာ စုထိုင်ကြတဲ့အခါ မေမေ့ခြေသည်းတွေ ဆေးမဆိုးထားဘူးဆိုတာကို ကျွန်တော် ပထမဆုံးအကြိမ် သတိထားမိလိုက်တယ်။ ဘာဖြစ်လို့လဲလို့ ကျွန်တော်ကမေးတော့ မေမေက ပြန်ဖြေတယ်။ အသက်အရွယ်ရလာတော့ မထိုင်နိုင်၊ မကုန်းနိုင်ဖြစ်လို့ ခြေသည်းဆိုးရမှာ ခက်လို့တဲ့။ အလှပြင်ဆိုင်မှာ သွားဆိုးဖို့ဆိုတာလည်း ခပ်ကြောင်ကြောင်နိုင်လှတယ်တဲ့။

ကျွန်တော့်ဖေဖေကခပ်ထွားထွား၊ ခပ်ကြမ်းကြမ်း။ သူ့ဘဝ တစ်လျှောက်လုံး ဘောလုံးနည်းပြ လုပ်လာခဲ့တဲ့သူ။ မေမေ့ခြေသည်းကို သူဆိုးပေးရမယ်ရင် အရမ်းကို ဝမ်းသာမှာပဲလို့ ဖေဖေပြောလိုက်တာ ကျွန်တော်ကြားလိုက်ရတော့ သိပ်ကိုအံ့အားသင့်သွားတယ်။ ဘာကြောင့် ဒီလို အလုပ်မျိုးကို လုပ်ပေးချင်ရတာလဲလို့ မေမေက ဖေဖေ့ကိုမေးတော့ ဖေဖေကပြန်ဖြေတယ်။

"မင်းကို ချစ်လွန်းလို့ပေါ့ကွာ။ မင်း အသက်ရှင်နေသမျှ ကာလပတ်လုံး မင်းကို လှလှပပလေး ရှိနေစေချင်လို့ပါ" တဲ့။

ငါးနှစ်ကြာပြီးတဲ့အခါမှာလည်း ဖေဖေဟာ မေမေခြေသည်းကို ဆေးဆိုးပေးနေတုန်းပါပဲ။

♦ ♦

## ထူးဆန်းတဲ့ဖူးစာ

Strange Love By Patricia Jensen

ဂီတဝိုင်းတွေခေတ်စားတဲ့ ကာလကဆိုရင် အမေရိကား ဟာ စိတ်လှုပ်ရှား စရာကောင်းတဲ့ နေရာပေါ့။ စင်တင် ဂီတဝိုင်းတွေနဲ့ ကခုန်ကြတာဟာလည်း ဖက်ရှင်တစ်ခု။ ကျွန်မကလည်း မိန်းမပျိုတစ်ယောက်အနေနဲ့ ကတာကို သိပ်ဝါသနာပါတယ်။ ကျွန်မရဲ့ညီအစ်မ သုံးယောက် ရယ်၊ အိမ်နီးနားချင်း မိန်းကလေးသူ ငယ်ချင်းတွေရယ် ကို စနေနေ့ညတွေဆိုရင် ထရီယန်ခွန်က ကပွဲခန်းမမှာ တွေ့နိုင်ပါတယ်။

ကျွန်မက ဝေါ့ဇ်အက၊ ခြေနှစ်လှမ်းအက၊ ဂျစ်တာဘတ်အက ပိုကာအကနဲ့စကော့အကတွေကို ကတတ်ပါတယ်။ နွေရာသီဆိုလို့ ရှိရင် ကန်တွေဘက်မှာ တီးဝိုင်းတွေ အမြဲရှိတတ်တာမို့ ကျွန်မတို့တစ်တွေ သွားကတတ်ကြတယ်။

တစ်ညနေမှာတော့ လူတစ်ယောက်က ကျွန်မကိုကဖို့ ခွင့်တောင်းတယ်။ သူ့ကြည့်ရတာ

နှစ်ဖွယ်ရာရှိ ပေမယ့် ထူးထူးခြားခြားကနိုင်တဲ့ လူတစ်ယောက်တော့ မဟုတ်ဘူး။ တစ်ချိန်လုံးစကားတွေပဲ ပြောနေတယ်။ နောက်မှ ကျွန်မဘဝမှာ တစ်ခုခု ဖြစ်လာမယ့် လူတစ်ယောက်ပဲဆိုတာကို ခပ်ရေးရေး သိလာရတယ်။

ကျွန်မတို့ ဖေါက်စတော့ကတယ်။ ပြီးတော့ ဂျစ်တားဘက် စီးချက်အတိုင်း ကတယ်။ ကကွက်က ပြောင်းသွားပေမယ့် သူ့ခြေအတတ် အဆက်ကတော့ ဒီအတိုင်းပဲ။ ဒီတော့ကျွန်မ စိတ်ညစ်လာတာပေါ့။ ကပြီး သွားတဲ့အခါ သူကကျွန်မရဲ့ အစ်မနားကိုလိုက်ပို့ပြီး ကျွန်မတို့ကို အချိုရည်တစ်ခုခု သောက်မလားလို့ မေးတယ်။ 'သောက်မယ်' လို့ ကျွန်မရဲ့ အစ်မ ကပြောလိုက်တယ်။ ကျွန်မတို့ အချိုရည်တွေ သောက်ပြီးသွားတဲ့ အခါကျတော့ သူကကျွန်မရဲ့ လက်ကိုဆွဲပြီး ကပွဲကြမ်းပြင်ဆီခေါ်သွားတယ်။ သူ့ကကွက်တွေကတော့ ထုံးစံအတိုင်းပေါ့။

ကျွန်မတို့ ကပြီးသွားတဲ့အခါမှာတော့ ကျွန်မ သူ့ကိုခွင့်တောင်းပြီး အမျိုးသမီးနားနေခန်းဘက်ဆီကို ထွက်ခဲ့တယ်။ ကျွန်မ နားနေခန်းထဲမှာပဲ အချိန်တွေ ဖြုန်းပစ်လိုက်တယ်။ ခုအချိန်လောက်ဆို သူလည်း နောက် ကောင်မလေးတစ်ယောက်နဲ့ တွဲကနေလောက်ပြီ။ ကျွန်မ နားနေခန်းထဲကနေ ထွက်လာလိုက်တော့ သူနဲ့ ပက်ပင်းတိုးမိတော့တာပဲ။ 'ကြောက်စရာပဲ' လို့

ကျွန်မတွေးလိုက်မိတယ်။ သူက နံရံကပ်စက္ကူက ကော် လိုပါပဲလား။ ဒီအတိုင်းဆို ကျွန်မသူ့ကို ခွာလို့ရမှာ မဟုတ်ဘူး။

ကျွန်မတို့နောက်ဆုံးအကကို အတူကပြီးတဲ့ အခါ သူကကျွန်မကို အိမ်လိုက်ပို့ပေးပါရစေတဲ့။

"ဟင့်အင်း" လို့ ကျွန်မငြင်းရတော့တယ်။

"ကျွန်မဖေဖေက ကျွန်မတို့ ညီအစ်မနှစ် ယောက် အတူတူ အပြင်ထွက်ရင် အတူတူပြန်လာရ မယ်တဲ့။ အဲဒါ လူ့စည်းကမ်းပဲ"

"ဒါဆိုမင်းရဲ့ ဖုန်းနံပါတ် ပေးလို့ရမလား" တဲ့။

"ရပါတယ်" ကျွန်မဖုန်းနံပါတ်ပေးလိုက်တယ်။

ဖုန်းထဲမှာဆိုရင် ကျွန်မသူ့ကို ငြင်းလို့ရမယ် လေ။

သူကျွန်မကိုဖုန်းလုံးဝမဆက်ဘူး။

နောက်တစ်ပတ် တနင်္ဂနွေနေ့မှာတော့ ကျွန်မ ဟာ အယ်လ်ကီလမ်းမှာနေတဲ့ သူငယ်ချင်းတစ်ယောက် ကိုသွားတွေ့ဖို့ ဘတ်စ်ကား စီးခဲ့တယ်။ ကားက သူ့ဆီ တိုက်ရိုက် မရောက်တော့ ကျွန်မ ကားပြောင်းစီးဖို့ မှတ်တိုင်မှာဆင်းပြီး ဘတ်စ်ကားအလာကိုစောင့်တယ်။ အဲဒီအချိန်မှာပဲ ကားအသစ်တစ်စီးကိုမောင်းလာတဲ့ သူ့ ကိုတွေ့လိုက်ရတယ်။ သူက ဘေးတံခါးဖွင့်ပြီး "ဟေး. . လာလေ" လို့ပြောပါတယ်။

"ဟင့်အင်း၊ ကျွန်မဘတ်စ်ကားစောင့်နေတာ"

သူကကားပေါ်မှာ ထိုင်နေတုန်း ဘတ်စ်ကားက သူ့ကားနောက်မှာ လာရပ်တယ်။ ဘတ်စ်ကားဒရိုင်ဘာက ကားဟွန်းတီးနေပေမယ့် သူက ထိုင်နေဆဲပဲ။ သူ့ပုံစံက ကျွန်မကားပေါ်မတတ်မချင်း ရွှေ့မယ့်ပုံ မပေါ်တာမို့ ကျွန်မသူ့ကားပေါ်တတ်လိုက်ရတယ်။

ကျွန်မတို့ အယ်လ်ကီကမ်းခြေတလျှောက် ကားပတ်မောင်းပြီး စကားတွေပြောတယ်။

"အဲ ဒီအစိမ်းရောင်အိမ်ကလေးဟာ ကျွန်မသူငယ်ချင်းအိမ်ပဲ။ ကျွန်မဆင်းတော့မယ်" လို့ ကျွန်မပြောပေမယ့် သူကအဲဒီအိမ်ကိုကျော်ပြီး ကားကို ဆက်မောင်းမြဲ မောင်းနေတယ်။ ဒီတော့ကျွန်မဒေါသထွက်ပြီး "ကျွန်မဆင်းတော့မယ်" လို့သူကိုအော်ပြောလိုက်တယ်။ တံခါး လက်ကိုင်ဘုကိုလည်း ကျွန်မလိုက်ရှာတယ်။

"ကောင်းပြီလေ၊ ကိုယ်မင်းဆင်းရမယ့် နေရာကို ကျော်မောင်းမိသွားလား" လို့ သူက တည်တည်ငြိမ်ငြိမ်ပဲ ပြန်ပြောတယ်။ သူက ကားကို 'ပ' စောက်ပုံ ထိုးကွေ့ပြီး အိမ်ရှေ့မှာ ရပ်ပေးတယ်။

"ရှင်ကျွန်မကို ဘယ်လိုတွေ့တာလဲ" လို့ ကျွန်မ သူ့ကိုမေးတယ်။

"ကိုယ်မင်းအိမ်ကို သွားလည်တော့ မင်းဖေဖေနဲ့တွေ့ပြီး မင်း ဘယ်မှာရှိမယ်ဆိုတာ ပြောပြလိုက်လို့ပေါ့" တဲ့။

မကြာခဏသူဖုန်းဆက်ပြီးပြောတယ်။

"ကလေးမ၊ ကိုယ်ရုပ်ရှင်သွားကြည့်ချင်တယ်" တဲ့ "နိုး" လို့ ကျွန်မပြန်အော်ပေမယ့် နာရီဝက်ကျော်ရင် သူကျွန်မအိမ်တံခါးဝရောက် ရောက်လာတော့တာပဲ။

တစ်ခါတစ်လေဆို သူဖုန်းမပြောခင်မှာ အကြာကြီး တုန့်နှေးနေတတ်တယ်။ တော်တော်ထူးတဲ့ လူပဲလို့ ကျွန်မက တွေးမိပေမဲ့ ဖေဖေနဲ့ မောင်လေးက တော့ သူကို သိပ်သဘောကျကြတယ်။

ကျွန်မမောင်လေး ပထမ ကားဝယ်စီးတော့ သူ့ကိုခေါ်ပြီး လျှောက်မောင်းနေတုန်းမှာပဲ ကားဝါယာ တွေမီးလောင်သွားတယ်။ အဲဒီ ဝါယာတွေကို ပြန်ပြင် ပေးတာလည်း သူပဲ။ မောင်လေးကို ကားပြင်တတ် အောင် သင်ပေးတာလည်း သူပဲ။

ဒီလိုနဲ့ နှစ်လကုန်သွားတယ်။ ဒီတော့မှ သူဟာ နားမကြားတွေအတွက် ဖွင့်ထားတဲ့ အိုင်အိုဝါကျောင်းမှာ ကျောင်းပြီးခဲ့သူဖြစ်ကြောင်း သူဟာ လုံးဝနားမကြား ကြောင်း၊ ကျွန်မကို ဖွင့်ပြောပြတော့တယ်။ သူဟာ သူတစ်ပါး နှုတ်ခမ်းလှုပ်တာကို ကြည့်ပြီး စကားပြောတာ ကို နားလည်အောင် ကြိုးစားခဲ့ကြောင်း အဲဒီနေရာမှာ သူအလွန်တော်ကြောင်း သိခဲ့ရတယ်။ သူဟာ စကား ပြောနိုင်သလို သင်္ကေတသုံး ဘာသာရပ်နဲ့လည်း ကောင်းကောင်း ပြောဆိုဆက်ဆံနိုင်သူပဲ။

သူ့အခြေအနေကို ကောင်းကောင်း သိနား လည်လိုက်ရတော့မှ ကျွန်မလည်း သူနဲ့ ပိုပြီး နားလည်မှု

ရအောင် လေ့လာရတော့တယ်။ ကျွန်မတို့ဟာ ဘယ်တော့မှ ဖုန်းနဲ့ စကားမပြောတော့ဘူး။ အမှောင်ထဲမှာ စကားမပြောတော့ဘူး။ သူ့နဲ့စကားပြောရင် မျက်နှာကြည့်ပြီး ပြောရမယ် ဆိုတာကိုပါ ကျွန်မသိလာရတယ်။ သူဟာ အမြဲပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့သူ တစ်ယောက်ဖြစ်သလို ကျွန်မရဲ့ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ရင် အမြဲကောင်းခဲ့တယ်။

ကျွန်မတို့ မကြာခဏ သွားကဖြစ်တဲ့အခါဆိုရင် ကျွန်မသူ့ကို ကကွက်အသစ်တွေပါ သင်ပေးတယ်။ ကျွန်မကိုယ် ကျွန်မ နားမလည်မိတာကတော့ ဘာကြောင့် အိုင်အိုဝါက နားမကြားသူတစ်ယောက်နဲ့မှ ချစ်နေမိတယ်ဆိုတာကိုပါပဲ။

ခြောက်လကြာပြီးတဲ့အခါ သူကကျွန်မကို လက်ထပ်ခွင့် ပန်ပြီး လှပတဲ့စိန်လက်စွပ်တစ်ကွင်း ပေးပါတယ်။ ကျွန်မတို့ဆီယက်တယ်မှာ လက်ထပ်တယ်။ လက်ထပ်ပြီး ၄၃ နှစ်တာကာလအထိ ပျော်ရွှင်စွာပဲ ရှိနေပါတယ်။ ။

♦ ♦

## ယုံကြည်မှု၊ မျှော်လင့်ချက်နှင့်မေတ္တာတရား

Faith, Hope and Love By Peter spelke with a little help from Dawn Spelke and Sam Dawson

ကျွန်တော့်အသက် ၁၄နှစ်တွင် ချက်စ်ဟိုင်းယားအကယ်ဒမီသို့ ပို့ခြင်းခံခဲ့ရသည်။ ထိုကျောင်းသည် အိမ်နှင့်အဆင်မပြေသော ယောကျ်ားလေးများအတွက် ဖွင့်လှစ်ထားသော ကွန်နက်တီးကပ်မြို့ရှိ ဘော်ဒါကျောင်း ဖြစ်သည်။ ကျွန်တော် အိမ်နှင့် အဆင်မပြေရခြင်းမှာ အရက်စွဲနေသော အမေ့ကြောင့် ဖြစ်သည်။ အမေ၏ ပျက်စီးနေသော အမူအကျင့်ကြောင့် ကျွန်တော်တို့ မိသားစုတစ်ခုလုံး တစ်စစီ ပြိုကွဲခဲ့ရခြင်း ဖြစ်သည်။ အဖေနှင့်အမေ ကွာရှင်းပြတ်စဲပြီးသောအခါ ကျွန်တော် တက်နေသော အဋ္ဌမတန်းမှ ဘာသာရပ် အားလုံးကျသည်အထိ အမေ့ကို ပြုစုခဲ့ရသည်။ ကျွန်တော့်အဖေနှင့် ကျောင်းအုပ်ဆရာကြီးက အားကစား ဘက်တွင် နာမည်ထွက်ပြီး စည်းကမ်းကြီးလှသည့် ဘော်ဒါကျောင်းသို့ ပို့ရန် ဆုံးဖြတ်ခဲ့ကြသည်။ (ထို ကျောင်းရှိရာနေရာကလည်း

အမေ လွယ်လင့်တကူ မလာနိုင်သော နေရာဖြစ်သည်) သို့မှသာ ကျွန်တော့် အနေနှင့် အထက်တန်းကျောင်းကို အောင်အောင်မြင်မြင် ပြီးနိုင်မည့် အခွင့်အရေး ရနိုင်မည်။

ချက်စ်ဟိုင်းယားကျောင်းမှ ပြုလုပ်သည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် နောက်ဆုံးစကားပြောဖို့ အလှည့်ကျသူမှာ အလွန်စည်းကမ်းကြီးလှသော ကျောင်းအုပ်ကြီး ဖရက်ဒ်အိုလာရီ ဖြစ်သည်။ သူသည် ယေးလ်တက္ကသိုလ်မှ အမေရိကန်ဘောလုံးသမားဟောင်းတစ်ယောက်ဖြစ်ပြီး လူကောင်လည်း အလွန်ကြီးသည်။ မေရိုးကားပြီး လည်ပင်းက တုတ်ခိုင်သည်။ သူ့ပုံစံက ယေးလ်တက္ကသိုလ်မှ လူ့မဟာဘီလူးကြီးတစ်ယောက်အလား ထင်မှတ်မှားလောက်သည်။ စကားပြောရန်အတွက် သူ့ခန္ဓာကိုယ်ကြီးနှင့် မိုက်ကရိုဖုန်း ရှိရာသို့ လျှောက်သွားသောအခါ အားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြသည်။ ကျွန်တော့်ဘေးမှ ထိုင်နေသည့် အထက်တန်းလွှာ ပုဂ္ဂိုလ်တစ်ယောက်က "ချာတိတ်၊ ဒီဆရာကြီးနဲ့ မတွေ့အောင်သာနေကွ။ လမ်းဖြတ်ကူးတဲ့အချိန်မှာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ်ကွာ . . . သူမမြင်အောင်သာနေ။ မင်း ဒီလောကထဲမှာ ရှိနေတာကိုတောင် သူမသိစေနဲ့ကွာ" ဟု ကျွန်တော့်ကို ပြောသည်။

ထိုညက ကြိုဆိုပွဲတွင် မစ္စတာအိုလာရီ ပြောသွားသော မိန့်ခွန်းမှာ လိုရင်းကို ခပ်တိုတိုနှင့် ပြောသွားခြင်း ဖြစ်သည်။

"ဆရာ ထပ်ပြောမယ်။ ကျောင်းဝင်းပြင်ပကို မထွက်ပါနဲ့။ ဆေးလိပ်မသောက်နဲ့၊ အရက်မသောက်နဲ့။ မြို့ပေါ်က မိန်းကလေးတွေနဲ့ အဆက်အသွယ် မလုပ်နဲ့။ ဒီစည်းကမ်းတွေကို ချိုးဖောက်ခဲ့မယ်ဆိုရင်တော့ မင်းတို့ ငရဲရောက်တာထက် ဆိုးသွားမယ်။ ဒါ့အပြင် ငါ ကိုယ်တိုင်လည်း ဖနောင့်နဲ့ ပေါက်မယ်" ဟု သူက ပြောသည်။ သူ့စကား ဆုံးပြီဟု ထင်နေချိန်မှာပဲ "မင်းတို့မှာ ဘယ်လို အခက်အခဲပဲရှိရှိ၊ ဘယ်လိုပြဿနာပဲကြုံကြုံ ငါ့ရုံးခန်း တံခါးက မင်းတို့အတွက် ဖွင့်ထားတယ်" ဟူသော စကားကို ပုံမှန်လေသံနှင့် ပြောသည်။ ထိုနောက်ဆုံး စကားက ကျွန်တော့် စိတ်ထဲမှာ စွဲမြဲနေသည်။

ကျောင်းဖွင့်စ နှစ်ဦးပိုင်းမှာ အမေ အရက်သောက်တာတွေ ပိုဆိုးလာသည်။ ကျွန်တော် အဆောင်မှာ ရှိသည့်နေ့ဆိုလျှင် အမေက နေ့ရောညပါ အဆက်မပြတ် ဖုန်းဆက်သည်။ အမေက သူ၏ ပလုံးပထွေးလေသံနှင့် ကျောင်းမှထွက်ပြီး သူနှင့်အတူ အိမ်မှာလာနေဖို့ ကျွန်တော့်ကို တောင်းတောင်းပန်ပန်နှင့် ပြောသည်။ သူ အရက်ဖြတ်ပြီး ဖလော်ရီဒါပြည်နယ်သို့ အပန်းဖြေခရီးထွက်မည် . . . စသည်ဖြင့် ကတိတွေလည်း ပေးသည်။ ကျွန်တော် အမေ့ကို ချစ်ပါသည်။ ကျွန်တော့် ရင်ထဲမှာ ပြောင်းဆန်ရသည်။ ကျွန်တော့်မှာ အပြစ်ရှိနေသလို ခံစားရသည်။ ကျွန်တော် ရှက်မိသည်။ ကျွန်တော် အလွန့်အလွန်ကို ဝေခွဲမရ ဖြစ်ရသည်။

အင်္ဂလိပ်စာသင်နေသည့် တစ်ညနေတွင် ကျွန်တော်သည် ယခင်ညက အမေ ဖုန်းဆက်သည့် အကြောင်းကို တွေးမိရင်း ကျွန်တော့် ခံစားမှုတွေ ပေါ့ပါး လာရသည်။ ကျွန်တော့် မျက်လုံးထဲမှာ မျက်ရည်တွေ အလျှင်အမြန် စို့တက်လာသည်။ ထို့ကြောင့် ဆရာကို အပြင်ထွက်ခွင့်ပြုရန် ကျွန်တော် ခွင့်တောင်းလိုက်သည်။

"ဘာကြောင့် အပြင်သွားချင်ရတာလဲ" ဟု ပါမောက္ခက မေးသည်။

"မစ္စတာအိုလာရီကို သွားတွေ့မလို့ပါ" ဟု ကျွန်တော်က ပြန်ဖြေလိုက်သည်။ ကျွန်တော့် အတန်းဖော်တွေအားလုံး တိတ်ဆိတ်သွားကာ ကျွန်တော့်ကို ဝိုင်းကြည့်ကြသည်။

"မင်း ဘာတွေ လုပ်ခဲ့မိလို့လဲ ပီတာ။ ဆရာ လည်း ကူညီလို့ရရင် ကူညီမယ်လေ" ဟု ပါမောက္ခက အကြံပြုသည်။

"မရဘူး ဆရာ။ ကျွန်တော် မစ္စတာအိုလာရီရဲ့ ရုံးခန်းကို အခုပဲ သွားချင်တယ်" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။ ကျွန်တော် အခန်းထဲမှ ထွက်လာသောအခါ "ဆရာ့တံခါးက မင်းတို့အတွက် ဖွင့်ထားတယ်"ဆိုသာ စကားလုံးတွေကိုသာ စဉ်းစားနေမိသည်။

မစ္စတာအိုလာရီ၏ ရုံးခန်းက ပင်မခန်းမကြီး ထဲက အခန်းကျယ်တစ်ခန်း ဖြစ်သည်။ သူ့ရုံးခန်းတံခါး ကို မှန်ချပ်ကြီးဖြင့် လုပ်ထား၍ အခန်းထဲကို မြင်နိုင်

သည်။ ကြီးလေးသည့် စည်းကမ်းချိုးဖောက်သူ ရှိသည့် အခါမျိုး၌ သူသည် ထိုကျောင်းသားကို ရုံးခန်းထဲသို့ ဆွဲခေါ်သွားပြီး ရုံးခန်းတံခါးကို ဝုန်းခနဲပိတ်ကာ တံခါး လိုက်ကာကို ချပစ်တတ်သည်။

"မနေ့ညက မြို့ထဲက မီးသတ်ဌာနအောက် နားမှာ မင်း ဆေးလိပ်သောက်နေတာကို ငါတွေ့တယ်။ တခြားကောင်လေးတစ်ယောက်လည်း ပါတယ်။ မြို့ထဲ က ကော်ဖီဆိုင်က ကောင်မလေးလည်း ပါတယ်" ဟု အော်ဟစ်ပြောဆိုသံများကို သူ့ရုံးခန်းနားတွင် မကြာ ခဏ ကြားရတတ်သည်။ ကံဆိုးမိုးမှောင်ကျသည့် ကျောင်းသားအဖို့ မစ္စတာအိုလာရီ၏ ဒဏ်ပေးမှုသည် ငရဲတမျှပင်။

သူ့ရုံးခန်းရှေ့တွင် တန်းစီနေသည့် လူတွေ မပြတ်ရှိနေတတ်သည်။ စည်းကမ်းတစ်မျိုးမျိုးကို ချိုး ဖောက်မိသည့် ကျောင်းသားများသည် သူ့ရုံးခန်းရှေ့တွင် အမြီးကုပ်လျက် တန်းစီထိုင်နေကြသည်။ ကျွန်တော် ထိုလူတန်းနောက်တွင် တန်းစီသောအခါ သူတို့တွေက ကျွန်တော် ဘာစည်းကမ်းဖောက်မိလို့လဲဟု မေးကြ သည်။

"ဘာစည်းကမ်းမှ မဖောက်ဘူး" ဟု ကျွန် တော် ပြန်ဖြေလိုက်သည်။

"မင်းရူးနေလား။ ဒီနေရာကနေ အခုချက်ချင်း ကြွပေတော့" ဟု သူတို့က ကျွန်တော့်ကို ဝိုင်းအော်ပြော

ကြသည်။ သို့ရာတွင် ဘယ်နေရာကို သွားရမလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရဘဲ ဖြစ်နေသည်။

နောက်ဆုံးတော့ ကျွန်တော့်အလှည့် ရောက်လာသည်။ မစ္စတာအိုလာရီ၏ ရုံးခန်းတံခါး ပွင့်သွားပြီးနောက် စည်းကမ်းကြီးလှသော ဆရာကြီး၏ မေးရိုးကြီးကို ကျွန်တော် ကြည့်နေမိသည်။ ကျွန်တော့်မှ တဆတ်ဆတ် တုန်နေပြီး မှားမိလေခြင်းဟု ခံစားနေရသည်။ သို့ရာတွင် ကျောင်းမှာ အကြောက်ရဆုံးသော ပုဂ္ဂိုလ်တစ်ယောက်ရှေ့ရောက်လျှင် အလွန်ကြောက်ရသည်ဟု သူများတွေ ပြောထား၍ စိတ်ထင့်နေမိခြင်းမျှသာ ဖြစ်သည်။ ကျွန်တော် မော့ကြည့်လိုက်သောအခါ ဆရာနှင့် မျက်လုံးချင်းဆုံမိသည်။

"မင်းက ဘာကိစ္စအတွက် ဒီကို ရောက်လာရတာလဲ" ဟု ဆရာက ခပ်ထန်ထန် မေးသည်။

"မောင်မယ်သစ်လွင် ကြိုဆိုပွဲနေ့တုန်းက ဘယ်လိုအခက်အခဲပဲရှိရှိ၊ ဘယ်လို ပြဿနာပဲကြုံကြုံ ဆရာ့ ရုံးခန်းတံခါးက ဖွင့်ထားတယ်ဆိုလို့ပါ" ဟု ကျွန်တော်က အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်မိသည်။

"ဝင်ခဲ့" ဟု သူက ပြောပြီး အစိမ်းရောင်ကုလားထိုင်ကြီးကို ညွှန်ပြကာ တံခါးလိုက်ကာကို ဆွဲချလိုက်သည်။ ထို့နောက် သူ့စားပွဲခုံနောက်ထဲသို့ ဝင်ထိုင်ပြီး ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော် သူ့ကို မော့ကြည့်ပြီး ပါးစပ် ဟ လိုက်စဉ်မှာပဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ကျွန်တော့် အမေက အရက်စွဲနေသူ တစ်ယောက်ပါ ဆရာ။ အမေက အရက်မူးပြီး ကျွန်တော့်ကို ဖုန်းဆက်တယ်။ ကျွန်တော့်ကို ကျောင်းကထွက်ပြီး အိမ်မှာပဲ ပြန်နေချင်တယ်တဲ့။ ကျွန်တော် ဘာလုပ်ရမှန်း မသိဘူး။ ကျွန်တော် ကြောက်နေတယ်။ စိုးရိမ်နေတယ် ဆရာ။ ကျွန်တော့်ကို စိတ်မနှံ့တဲ့ အရူးတစ်ယောက်လို့တော့ မထင်လိုက်ပါနဲ့ဗျာ"

ကျွန်တော် ဒူးနှစ်လုံးကြားထဲ ခေါင်းအပ်ပြီး မထိန်းနိုင် မသိမ်းနိုင် ငိုချလိုက်မိသည်။ ကျွန်တော့် ပတ်ဝန်းကျင်ကိုပါ သတိမမူမိတော့။ လူကောင်ကြီးကြီး အားကစားသမားဟောင်းကြီး သူ့ထိုင်ခုံမှထလာကာ အစိမ်းရောင် ကုလားထိုင်ကြီးပေါ်မှာ တသိမ့်သိမ့် ငိုရှိုက်နေသည့် ကျွန်တော့်ဘေးမှာ တိတ်ဆိတ်စွာ လာရပ်သည့် အသံကိုပင် ကျွန်တော် မကြားမိတော့။ ကျွန်တော်သည် မှောင်မိုက်အေးစက်သော နေရာမှာ ဘုရားသခင် မေ့လျော့ခံထားရသည့် ကလေးတွေထဲမှ တစ်ယောက် ဖြစ်နေသည်။

နောက်တော့ လူတွေကြားထဲမှာ ဘုရားသခင် လုပ်ပြတတ်သည့် အခြင်းအရာတစ်ခု ဖြစ်ပွားလာခဲ့သည်။ မစ္စတာအိုလာရီ၏ ကြီးမားသော လက်က ကျွန်

တော့် ပုခုံးကို ညင်သာစွာ ထိကိုင်လာသည်။ သူ့လက်မ က ကျွန်တော့်လည်ပင်းကို ထိနေသည်။

ကြောက်စရာကောင်းလှသော စည်းကမ်းကြီး လာသည့် လူသံကြီးပြောသည့် နူးညံ့သော လေသံကို ကျွန်တော် ကြားနေရသည်။

"သား၊ မင်းဘယ်လိုခံစားနေရတယ်ဆိုတာကို ဆရာသိတယ်။ ဒီမှာကြည့် ဆရာလည်း အရက်သမား တစ်ယောက်ပဲကွ။ မင်းတို့ သားအမိနှစ်ယောက်အတွက် ကူညီနိုင်တာမှန်သမျှ ဆရာ အစွမ်းကုန် ကူညီမယ်။ အရက်ဖြတ်သူများ အသင်းမှာ ဆရာ့မိတ်ဆွေတွေ ရှိတယ်။ ဒီနေ့ပဲ မင်းအမေနဲ့ ဆက်သွယ်ခိုင်းလိုက်မယ်"

ထိုတခဏအတွင်းမှာပင် ကျွန်တော် အမြင် ရှင်းသွားသည်။ အခြေအနေ အရပ်ရပ် ကောင်းသွား တော့မည်ဆိုတာကို ကျွန်တော် သိလိုက်သည်။ ကျွန်တော် မကြောက်တော့ပါ။ ဆရာ့လက် ကျွန်တော့်ပုခုံး ပေါ်မှာ ရှိနေသည်ကို ဘုရားသခင်၏ လက်ပမာ ကျွန် တော် ခံစားနေရသည်။ ယုံကြည်မှု၊ မျှော်လင့်ချက်နှင့် မေတ္တာတရားတို့သည် ကျွန်တော့်အတွက် ပထမဦးဆုံး အကြိမ်အဖြစ် အမှန်တကယ်ပင် ဖြစ်လာခဲ့သည်။ ထို အရာတွေကို ကျွန်တော် မြင်ကြည့်လို့ ရနေသည်။ မြည်း စမ်းကြည့်လို့ ရနေသည်။ ကျွန်တော့် ပတ်ဝန်းကျင်တွင် ရှိနေသူများအတွက် ယုံကြည်မှု၊ မျှော်လင့်ချက်နှင့် မေတ္တာတရားတို့ ကျွန်တော့်ထံမှာ ပြည့်လျှံလာသည်။

ကျောင်းတွင် ကြောက်စရာ အကောင်းဆုံးသောဆရာသည် ကျွန်တော်၏ လျှို့ဝှက်မိတ်ဆွေတစ်ယောက်ဖြစ်လာခဲ့သည်။ ကျွန်တော်သည် ယုံကြည်ကိုးစားစွာ ဖြင့် သူနှင့် တစ်ပတ်တစ်ကြိမ် တွေ့ဆုံသည်။ နေ့လည် စာထမင်းစားချိန်တွင် ကျွန်တော် သူ့စားပွဲဘေးမှဖြတ်သွားသည့်အခါတိုင်း သူက ကျွန်တော့်ကို ဖျတ်ခနဲကြည့်ပြီး ရင်းနှီးစွာ မျက်စိမှိတ်ပြစမြဲ။ ထိုကြောက်စရာကောင်းလှသော စည်းကမ်းကြီးသည့် ဆရာကြီးကကျွန်တော့်ကို သိမ့်သိမ့်မွေ့မွေ့ ချစ်ချစ်ခင်ခင်နှင့် စိတ်ဝင်တစားရှိသည့်အတွက် ကျွန်တော် ရင်ထဲ အသည်းထဲက ဂုဏ်ယူနေမိသည်။

ကျွန်တော် လိုအပ်နေချိန်တွင် လက်လှမ်းလိုက်ပါက ကျွန်တော့် လက်တစ်ကမ်းတွင် သူရှိနေသည်။

♦ ♦

## သစ်ရွက်ကြွေများနှင့်ဆီးနှင်းပွင့်များ

Fallen Leaves and Frosts By Robert Fulghum

ကျွန်တော် ဘေးအိမ်မှ ပုဂ္ဂိုလ်နှင့် ကျွန်တော်သည် တစ်ယောက်ကိုတစ်ယောက် သံသယများဖြင့် ဆက်ဆံကြသည်။ ကျွန်တော် တွေ့ရသလောက်ဆိုလျှင်တော့ သူသည် အမှိုက်လှဲသမား၊ ဂေါ်ပြားကော်သမား တစ်ယောက်သာ ဖြစ်သည်။ သူသည် သဘာဝတရား ကြီး၏ လမ်းစဉ်များကို ဒုက္ခပေးနေသူတစ်ယောက်သာ ဖြစ်သည်။ တောကြီးမျက်မဲကို အောင်နိုင်ခဲ့သော မျိုးနွယ်မှ ကြွင်းကျန်ရစ်ခဲ့သူတစ်ယောက်သာ ဖြစ်သည်။ သူက ကျွန်တော့်ကို ထင်တာကတော့ ရိုးရိုးလေးပင် ဖြစ်လေသည်။ လူပျင်း။

ကြည့်လေ၊ ရွက်ကြွေရာသီရောက်လျှင် သူသည် သစ်ရွက်ကြွေများကို လှည်းကျင်းပြီး အပုံကလေးတွေဖြစ်အောင် လုပ်သည်။ နှင်းကျချိန်ဆိုလျှင်လည်း သူသည် ဖြူလွလွနှင်းပွင့်များကို သူ၏ ဂေါ်ပြားကြီးဖြင့်

ညှင်းပန်းနှိပ်စက်သည်။ တစ်ခါကဆိုလျှင် သူသည် စိတ်ပါလို့လည်းမဟုတ်၊ စော်ကားမော်ကား လုပ်ချင်တာကြောင့်လည်း မဟုတ်ဘဲ လေးလံလှသော ဆီးနှင်းခဲကြီးကိုပင် ဂေါ်ပြားဖြင့်ကော်ဖို့ ကြိုးစားခဲ့သည်။ "သဘာဝတရား မိခင်အိုကြီးကို ခင်ဗျားထက် မသာစေချင်ဘူး" ဟု သူက ဆိုသည်။

ထို့ကြောင့် ကျွန်တော်က သူသည် ဘုရားသခင်ပေးသည့် သင်္ချိုင်းရဆိုတာကို သဘောမပေါက်သေးဘူးဟု သူ့ကိုပြောခဲ့သည်။ ကျွန်တော်က သူ့ကို ဂရုတစိုက်ဖြင့် သေသေချာချာ ပြောခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်တွေ ထောင်ပေါင်းများစွာကတည်းက သစ်ရွက်တွေ ကြွေနေခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော် သူ့ကိုပြောပြသည်။ အမှိုက်တွေ၊ လူတွေ မရှိခင်ကတည်းက ကမ္ဘာကြီးသည် သူ့ဟန်မပျက် ရှိနေခဲ့ကြောင်း ကျွန်တော်သူ့ကို ပြောပြသည်။ သဘာဝတရား မိခင်အို ကြီးသည် သူလိုချင်သည့် နေရာမှာ သစ်ရွက်တွေကို ဖို့သည်။ မြေကြီးတွေ တိုးပွားအောင် လုပ်သည်။ ကျွန် တော်တို့ မြေကြီးတွေ လိုအပ်နေသည်ဟု ကျွန်တော် သူ့ကို ပြောပြသည်။ ကျွန်တော်တို့၏ မြေကြီးတွေ လျော့ပါးနေသည်ဟု ကျွန်တော် သူ့ကို ပြောပြသည်။ နှင်းတွေ၊ နှင်းများသည် ကျွန်တော်တို့၏ ရန်သူတွေ မဟုတ်ကြောင်း ကျွန်တော် သူ့ကို ပြောပြသည်။ နှင်းများသည် လူတွေကို အနားယူဖို့ အိပ်ရာထဲမှာနေဖို့

ဘုရားသခင်က ပြောပြသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ထို့အပြင် နှင်းများသည် သူ့တို့ကိစ္စကို သူတို့ ရှင်းသည်။ သစ်ရွက်တွေနှင့် ပေါင်းစပ်ကာ မြေကြီး ဖြစ်သွားသည်ဟု ကျွန်တော် သူ့ကို ပြောပြသည်။

သန့်ရှင်းသပ်ရပ်မှုသည် အရေးပါသည်ဟုဆိုလျှင် သူ့ခြံသည် သပ်သပ်ရပ်ရပ် ရှိသေည်ဆိုတာကိုတော့ ကျွန်တော် ဝန်ခံရပါမည်။ ပြီးခဲ့သည့် ဆောင်းရာသီ နှင်းကျချိန်၌ သူသည် ကားရှိရာသို့ သွားသည့် အခါ၌ ချော်မလဲခဲ့ပါ။ ကျွန်တော်ကတော့ ချော်လဲဖူးပါသည်။ သူသည် အမှိုက်လှဲသူ၊ ဂေါ်ပြားကော်သူ ဖြစ်နေသော်လည်း အိမ်နီးချင်းကောင်း ပီသူသူ ဖြစ်သည်။ ထိုကိစ္စကိုတော့ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဆိုရဲသည်။

ကျွန်တော့် ခြံကတော့ အနီ၊ အဝါ၊ အစိမ်း၊ အညိုရောင်တို့ဖြင့် အရှေ့တိုင်း ကော်ဇောကြီးတစ်ခုလို ဖြစ်နေဆဲပင်။ သူ့ခြံကတော့ ထိုသို့ ဖြစ်မနေပါ။ သူသည် ဇူလိုင်လရောက်လျှင် လိမ္မော်ရည်ဖြင့် ဖျော်သောက်ရန်အတွက် နှင်းတွေကို ဂေါ်ပြားဖြင့်ကော်ပြီး ပုလင်းတွေထဲ ထည့်နေချိန်မှာတော့ ကျွန်တော်သည် နှင်းကျနေသည့် အသံများကို တိတ်ခွေဖြင့် အသံဖမ်းနေခဲ့သည်။ ထိုအသံဖမ်းပြီးသား တိတ်ခွေကို ခရစ္စမတ်လက်ဆောင်ထုပ်ရာတွင် ကျွန်တော် အသုံးပြုပါသည်။ (နှင်းတွေ အသုံးဝင်သည့် နေရာတွေ အများကြီးရှိသည်)

ကျွန်တော်သည် ဆောင်းနှင်းဖြင့် ချက်ထားသည့်အရက်တစ်လုံးကို ထိုတိတ်သားများဖြင့် ရစ်ပတ်ပြီး သူ့ကို ခရစ္စမတ်လက်ဆောင်အဖြစ် ပေးပါသည်။ သူက ကျွန်တော့်ကို ထွန်ခြစ်လေးတစ်ခု လက်ဆောင်ပြန်ပေးပါသည်။ ကျွန်တော်တို့ နှစ်ယောက်သည် ထိုကဲ့သို့သော ပစ္စည်းလေးများဖြင့် တစ်ယောက်ကို တစ်ယောက် သင်ခန်းစာတွေ ပေးကြသည်။

သူ့မှာ ဘာသာတရားမရှိဘူးဟု ကျွန်တော် ထင်သည်။ ထို့ကြောင့် ကျွန်တော်က သူ့ကို ဘာသာတရားရှိလာအောင် ကြိုးစားသည်။ ကျွန်တော်က ဘာသာတရားမှာ လွန်ကဲနေသည်ဟု သူက ထင်သည်။ သူက ကျွန်တော့်ကို အယူမသည်းအောင် ကြိုးစားသည်။

သို့ရာတွင် နောက်ဆုံးမှာတော့ . . . ထိုကိစ္စအားလုံး၏ နောက်ဆုံးမှာတော့ ကျွန်တော် နိုင်သွားသည်။

အကြောင်းမှာ သူနှင့်ကျွန်တော် (သင်တို့ပါ ပါသည်) တို့သည် အမှိုက်လှဲသည်ဖြစ်စေ၊ ဂေါ်ပြားနှင့်ကော်သည်ဖြစ်စေ၊ မကော်သည်ဖြစ်စေ၊ သစ်ရွက်ကြွေများနှင့် နှင်းတွေလို ဖြစ်သွားပြီး သူတို့ သွားရာ နေရာသို့ပင် သွားကြရမည်။

♦ ♦

ကျွန်မသည် လင်မယားကွာရှင်းပြတ်စဲခဲ့ရသည့်ဒဏ်ကို အလူးအလဲခံခဲ့ရသည်။

ကျွန်မ၏ ခင်ပွန်းနှင့်အတူနေသည့် အိမ်ခန်းမှ ပြောင်းရွှေ့ပြီးနောက် တိုတောင်းသောကာလတစ်ခု အတွင်းမှာပင် ဘာရီဆိုသော လူတစ်ယောက်နှင့် စတွေ့ဖြစ်သည်။ သူလည်း အိပ်ထောင်ပျက်ခဲ့သူ ဖြစ်သည်။ ကျွန်မတို့ နှစ်ယောက်သည် မေတ္တာငတ်မွတ်သည့် ကလေးများသဖွယ် တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်မခွာနိုင် ဖြစ်ခဲ့ကြသည်။ တစ်ယောက်ကို တစ်ယောက် အားပေးဖေးကူရင်း ကျွန်မတို့၏ စုတ်ပြတ်ဖွာထွက်နေသော အတ္တအပျက်အစီးများကို ပြန်လည်ပြုပြင်ရန် ကြိုးစားခဲ့ကြသည်။ ကျွန်မသည် လပေါင်းများစွာအတွင်းမှာပင် နွေးထွေးမှုကို ပထမဦးဆုံးအကြိမ်ခံစားခဲ့ရသည်။ ကျွန်မရင်ထဲ ရှိနေသော နှောင်ထုံး

များသည်လည်း ပြေလျော့စပြုလာခဲ့သည်။ ကျွန်မတို့ နှစ်ယောက် နှစ်လအတူနေခဲ့ကြသည်။ ထို့နောက် သူ ရေရှည်စီမံကိန်း ဆွဲထားသည့် အားလပ်ရက်ကာလ အတွက် ပြင်သစ်သို့ သွားရဖို့ ဖန်လာခဲ့သည်။ ကျွန်မကို ပြင်သစ်ကို လိုက်လာခဲ့ဖို့ သူက ဖိတ်ခေါ်ပါသည်။ ကျွန်မသာ လေယာဉ်စရိတ် တတ်နိုင်ပါက ပြင်သစ်မှာ နေဖို့ထိုင်ဖို့ကိစ္စ သူစီစဉ်ပေးမည်တဲ့။ ကျွန်မ ဘယ် လောက် စိတ်ညစ်သွားသလဲဆိုတာ မေးစရာလိုမည်ပင် မထင်ပါ။ ကျွန်မက အလုပ်လက်မဲ့ တစ်ယောက်ကိုး။ (ကျွန်မခင်ပွန်းနှင့် ကျွန်မ အတူလုပ်ခဲ့သည့် လုပ်ငန်း တစ်ခုတော့ ရှိခဲ့သည်။ ကျွန်မ အိမ်ပေါ်က ဆင်းခဲ့ရ သောအခါ အိမ်ထောင်တစ်ခုရော အလုပ်တစ်ခုပါ တစ်ပြိုင်နက်တည်း ဆုံးရှုံးခဲ့ရသည်။)

သို့ရာတွင် အဖြစ်အပျက်က မျက်လှည့်ဆန် လှပါသည်။ ဘယ်တော့မှ ဆုံးမှာမဟုတ်သည့် ကြော်ငြာ ကဏ္ဍထဲတွင် ကွန်တီနင်တယ်လေကြောင်းမှ ကြော်ငြာ လေးကို တွေ့လိုက်ရသည်။ ကျွန်မမှာ ထောက်ခံစာ တစ်ခုရှိပါက မိုင်နှုန်းဖြင့် တွက်ယူမည့် ပါရီခရီးစဉ်သို့ သွားနိုင်မည့် အခွင့်အလမ်းသည် ကျွန်မနှင့် အလွန် နီးစပ်နေသည်ဆိုတာကို သိလိုက်ရသည်။ သူရှိသည့် နေရာနှင့် နီးတော့နီးသည်။ နေရာတော့မကျ။

ကျွန်မ တက္ကဆပ်ကို ဖုန်းလှမ်းခေါ်ကာ လေယာဉ်ခရီး ကိုယ်စားလှယ်ကို ကျွန်မ၏ အခြေအနေ

အားလုံးကို ရှင်းပြလိုက်သည်။ ကျွန်မ၏ အချစ်ရေး အတွက် အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနိုင် မလားဟု ကိုယ်စားလှယ်ကို မေးမြန်းရသည်။ သူမက "အခုတစ်ကြိမ်နဲ့ဆို ဒီလိုကြုံရတာ ဒီနေ့မှာ ဒုတိယ မြောက်ပဲ"ဟု ကိုယ်စားလှယ် အမျိုးသမီးက တက္ကဆပ် လေသံ ဝဲဝဲဖြင့် ပြန်ပြောသည်။ ဘော်စတွန်မှ ကိတ်ပ် ကော့ဒ်သို့ ပုံမှန်ပြေးဆွဲသည့် လေယာဉ်ငယ်လေးမှာ ကွန်တီနင်တယ်လေကြောင်းမှ ပင်ဖြစ်သည်။ ကျွန်မ၏ မိဘတွေက ကိတ်ပ်ကော့ဒ်မှာနေသည်။ ကျွန်မသည် ဘော်စတွန် လိုဂန်လေဆိပ်မှ ဟန်းနဝစ်ချ်သို့ ဘတ်စ်ဖြင့် သွားနေကျဖြစ်သော်လည်း ခရစ်စမတ်အတွက် မိဘများ ထံ သွားလည်ဖို့ အစီအစဉ် ဆွဲထားပြီးပြီဖြစ်သည်။

"အခု ပါရီခရီးစဉ်အတွက် အစ်မပြင်ဆင်ထား လိုက်ပါ။ ကိတ်ပ်ကော့ဒ်လေယာဉ်လက်မှတ် ယူတာနဲ့ အစ်မရဲ့လေယာဉ် ကူပွန်တွေကို ကျွန်မဆီ လှမ်းပို့ ပေးလိုက်ပါ။ ကျွန်မ လက်မှတ် ပြန်ပို့ပေးလိုက်ပါ့ မယ်"ဟု ကိုယ်စားလှယ်က ဆိုသည်။

အိုး . . . ၊ ကျွန်မ ပါရီကို သွားရတော့မယ်။ ပါရီမှာ ညစာစားရတော့မယ်။ ပါရီမြေပေါ် နေထိုင်ရ တော့မယ်။ ပါရီမှာ အိပ်မက်မက်ရတော့မယ်။

ကျွန်မ၏ မိဘတွေဆီ လေယာဉ်ဖြင့် သွားရ သည်ကတော့ ထူးထူးခြားခြား မရှိလှပါ။ သို့ရာတွင် အပြန်ခရီးမှာတော့ နှင်းမုန်တိုင်းတွေ ထန်နေပါသည်။ ကျွန်မတို့ ဟီယန်နစ်လေဆိပ်ကို ဖုန်းလှမ်းဆက်ရသည်။

လေဆိပ်မှာ ဖုန်းပြန်ပြောမည့်သူ မရှိပါ။ ဖေဖေက ကြောက်စရာကောင်းလောက်အောင် သည်းထန်နေသော နှင်းတွေထဲမှာ ကျွန်မကို ကားဖြင့် လိုက်ပို့ပေးသည်။

"ကျွန်တော်တို့ လေဆိပ်က ဒီကနေ့ လေယာဉ်မထွက်ပါဘူးခင်ဗျာ။ အစ်မ ဘတ်စ်ကား စီးသွားပါလား။ ဘော့စတွန်က ထွက်မယ့်လေယာဉ်တွေ အများကြီး ရှိနေတာပဲ"ဟု လေယာဉ်ရုံးမှ စာရေးက ပြောလေသည်။

"ရှင်တို့ကတော့ ဘယ်နားလည်မှာလဲရှင်။ ကျွန်မ ဒီကထွက်မယ့် လေယာဉ်ကို မစီးရရင် ပါရီကို ရောက်မှာမဟုတ်ဘူးရှင့်" ဟု ကျွန်မကပြောတော့မှ စာရေးက စပ်ဖြီးဖြီးလုပ်ကာ "အင်း ဒါဆိုရင်လည်း ဒီက နောက်ထွက်မယ့် လေယာဉ်ထဲမှာ အစ်မလိုက် သွားနိုင်အောင် ကျွန်တော် အစီအစဉ် ဆွဲပေးပါ့မယ်" ဟု ဆိုသည်။

ကျွန်မသည် နောက်ထွက်သည့် လေယာဉ်နှင့် လိုက်ပါလာခဲ့ကာ ပါရီသို့ ရောက်ခဲ့ရပါသည်။ ခရီးစဉ်မှာ ကြည်နူးစရာ ကောင်းလှ၏။ ပါရီမှာ ငါးရက်နေသည်။ တိုးလုစ်မှာ ဆယ်ရက်နေသည်။ ကျွန်မခရီးစဉ်၏ ပျော်စရာအကောင်းဆုံးအချိန်ကတော့ ဘာရီ့ကို ကြင်ကြင်နာနာဖြင့် ဂရုစိုက်ခဲ့သည့် ပါမောက္ခများနှင့် သူတို့၏ ဇနီးသည်များကို ဂုဏ်ပြုတည်ခင်းကျွေးမွေးသည့် ကျွေး

ဇူးတော်နေ့ ညစာစားပွဲပင် ဖြစ်ပါသည်။ ညစာစားပွဲ ပြင်ဆင်ချိန်တွင် စကားတွေ အလျှံပယ်ပြောကြသည်။ ကျွန်မတို့ မူလတန်းမှာ သင်ခဲ့ဖူးသည့် ကျေးဇူးတော်နေ့ ပုံပြင်ကို ပြန်လည်မှတ်မိအောင် ကြိုးစားပုံဖော်ပြီး ပြင်သစ်ဘာသာ ပြန်ဆိုကြသည်။ ကျေးဇူးတော်နေ့ ဇာတ်ကြောင်းကို အစမှအဆုံး ပြောဖြစ်ခဲ့ကြသည်။ ညစာစားပွဲကိုတော့ သက်ဆိုင်ရာ နိုင်ငံတို့၏ ရိုးရာ သီချင်းတွေ သီဆိုခြင်းဖြင့် အဆုံးသတ်လိုက်ကြသည်။

ကျွန်မ အမေရိကားကို ပြန်ခဲ့ရသည်။ ဘာရီ ပြန်ရောက်လာပြီး မကြာခင်မှာဘဲ သူနှင့် ကျွန်မ လမ်းခွဲကြသည်။ သူ့ အမျိုးသမီးနှင့် ကွာရှင်းပြီးသည့်နောက်တွင် တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးလိုတော့သည်ဟု သူက ပြောကာ လမ်းခွဲခဲ့ခြင်းဖြစ်သည်။ ခြောက်လကြာပြီးနောက် သူအိမ်ထောင်ပြုသွားသည်။ တစ်နှစ်ခွဲကြာပြီးသောအခါ သူတို့ ကလေးတစ်ယောက် ရသည်။

ကျွန်မ သူ့ကို အမြဲ ကျေးဇူးတင်နေမိပါသည်။ ကျွန်မဘဝမှာ အပျော်ဆုံးသော နှစ်ပတ်ကာလကို သူက ကျွန်မအတွက် ဖန်တီးပေးခဲ့သည်။ အိမ်ထောင်ပျက်ပြီးစ တစ်ယောက်အနေဖြင့် သူ့မှာ ဝေခွဲရခက်ခဲသည့် ကိစ္စများရှိခဲ့မည်ကို ကျွန်မ နားလည်ပေးခဲ့သည်။ ကျွန်မ အနေနှင့်လည်း တစ်စုံတစ်ယောက်ကို ဟာကွက်မရှိအောင် မချစ်မိခင်မှာ မိမိကိုယ်မိမိ ကုစားစရာတွေ အပုံအပင်ရှိနေပါသည်။

ကျွန်မ အချစ်ဇာတ်လမ်းမှာ ဘာရီ့အကြောင်း မဟုတ်ပါ။ တက္ကဆပ်ရှိ စာရေးနှင့် ဟီယန်နစ်ရှိ စာရေး တွေအကြောင်း ဖြစ်ပါသည်။ ထိုကာလများ၌ သူတို့ သည် ကျွန်မအတွက် လူစိမ်းများပင် ဖြစ်သော်ငြားလည်း ကျွန်မကို ကြင်နာခဲ့၏။ ကျွန်မ အိမ်ထောင်ရေး၏ စိတ်ပျက်ဖွယ်ရာ၊ နာကျည်းဖွယ်ရာ ကိစ္စရပ်များအတွက် သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေအမျိုးသမီးသည် လည်း သူမ၏ ကိုယ်တွေ့ခံစားမှုများအကြောင်း ပြောပြ ကာ ကျွန်မကို ရယ်မောအောင် လုပ်နိုင်ခဲ့သည်။ သူမနှင့် နာရီဝက်ကြာ ဆွေးနွေးခဲ့သည့်အတွက်သာ အခကြေး ငွေပေးတာကိုပင် လက်မခံခဲ့ပါ။ ကျွန်မတို့ ကွာရှင်း သည့်ကိစ္စ နောက်ဆုံးနေ့တွင် မီနီခိုတာ ခိုရေးမှ အဆို တော် မိတ်ဆွေသည် သူ၏ ဖြေဖျော်ပွဲပြီးသည့်အခါ ကျွန်မကို ရှမ်ပိန်၊ ကဲရော့ကိတ်တို့ဖြင့် ပြုစုခဲ့သည်။ ကျွန်မတို့ ကွာရှင်းသည့်ကိစ္စကို စေ့စပ်သောသူကလည်း ကျွန်မသဘောတူ လက်မှတ်ရေးထိုးပေးခဲ့သည့် နောက် ပိုင်းတွင် ကျွန်မကို စိတ်ပူ၍ ဖုန်းဖြင့် အားပေးစကား တွေ ပြောကြားပေးခဲ့သည်။

ကျွန်မကို ဖေးမကူညီခဲ့သူတွေ များစွာပင် ရှိခဲ့သည်။ ကျွန်မတို့ ချစ်ကြသူများက ကြင်နာတတ် သောအခါ မေတ္တာက ရောင်ပြန်ဟပ်တတ်သည်။ သူတို့ ကို ပြန်လည် ချစ်မြတ်နိုးရသည်။ သို့ရာတွင် မရင်းနှီး သော သူစိမ်းများသည် ဘာကိုမှ ပြန်မရကြသော်လည်း

သူတို့၏ ကြင်နာမှု ထုထည်သည် ဤစကြဝဠာကြီးထဲတွင် တိုးပွားလာနေ၏။ ထိုကဲ့သို့သော ချစ်ခြင်းမျိုးကိုတော့ ကျွန်မ အလွန်တရာ ကျေးဇူးတင်လှပါသည်။

♦ ♦

## တိတ်တခိုးချစ်ရသူရယ်

Hidden Love By Robert Fulghum

ကျွန်မသည် ကွန်ပျူတာ ကုမ္ပဏီတစ်ခု၏ အမှုဆောင်အရာရှိတစ်ယောက်ဖြစ်ပြီး ကျွန်မတို့၏ ဖောက်သည်များအတွက် လေ့ကျင့်ပေးမှု အစီအစဉ်များကို ဆောင်ရွက်ရသူ ဖြစ်သောကြောင့် ခရီး အလွန်သွားရသည်။ တစ်ယောက်တည်း လမ်းပေါ်မှာ ခရီးသွားရ ခြင်းသည် စွန့်စားမှု တစ်ခုလို ဖြစ်နေသည်။ အကြောင်းမှာ ကျွန်မသည် အိမ်ထောင်မရှိသူတစ်ယောက်ဖြစ်ပြီး ဆွဲဆောင်မှုရှိသော မိန်းမသားတစ်ယောက် ဖြစ်နေခဲ့ခြင်းကြောင့်ပင်။ ကျွန်မ ခရီးတွေ အများကြီးသွားရသောအခါ ကြုံရမည့် အခက်အခဲ ပေါင်းစုံ၊ ပြဿနာပေါင်းစုံကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်မိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်မသည် ကိုယ်ခံပညာရပ်တွေကိုပါ သင်တန်းတက်ခဲ့သည်။ အစမ္ပြုတတ်သော ယောကျ်ားမျိုးတွေကို ထီးနှင့် ပိုက်ဆံအိတ်သုံးပြီး ဘယ်လိုကာကွယ်ရမယ် ဆိုတာတွေ

ကိုပါ ကျွန်မဘက်က ပြင်ဆင်ထားခဲ့သည်။ ကျွန်မသည် မည်သို့သော အခက်အခဲမျိုးနှင့်မှ မကြုံ ကြိုက်ခဲ့ပါ။ ဖြစ်ခဲ့လျှင်လည်း ကျွန်မ ထင်ထားခဲ့သည်နှင့် ဆန့်ကျင်ဘက်မျိုးတွေပင် ဖြစ်သည်။ ကျွန်မကို ယဉ်ယဉ်ကျေးကျေးဖြင့် ချည်းကပ်ခဲ့သည့် ယောကျ်ားသား တစ်ယောက်မှ မရှိခဲ့ဖူးပါ။ ကျွန်မ၏ ပြဿနာက ကျွန်မသည် တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေ၍ အဖော်ကို လိုက်ရှာနေရသည့် မိန်းမသားတစ်ယောက် အဖြစ်သို့ ရောက်နေခြင်းပင်ဖြစ်သည်။

နယူးယော့ခ်ရောက်လျှင် ကျွန်မတည်းနေကျ ဟိုတယ်မှာပဲ တည်းသည်။ ပြီးခဲ့သည့် ဆောင်းရာသီက ဆွဲဆောင်မှု အရှိဆုံးသော အမျိုးသားတစ်ယောက်သည် ကျွန်မရှိနေသမျှ ကာလပတ်လုံး ထိုဟိုတယ်မှာ တည်းခိုနေခဲ့သည်ကို တွေ့ခဲ့ရသည်။ ကျွန်မကို သူက အလွန်ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။ ကျွန်မကလည်း သူ့ကို အမှန်တကယ်ပင် တွေ့ချင်ခဲ့ပါသည်။ သူသည် ကျွန်မ၏ နှလုံးသားကိုလည်း တလှပ်လှပ် ခုန်အောင် လုပ်နိုင်စွမ်းရှိလေသည်။ ကျွန်မတို့ ဟိုတယ်၏ ဧည့်ခန်းထဲမှာ အကြိမ်ပေါင်း များစွာ ဖြတ်သွားဖြတ်လာ တွေ့ဖူးကြသည်။ မနက်စာစားချိန်များတွင်၊ ညစာစားချိန်များတွင်လည်း သူသည် သူ့စားပွဲမှာ တစ် ယောက်တည်းစားလျက်။ ကျွန်မသည်လည်း ကျွန်မ၏စားပွဲတွင် တစ်ယောက်တည်းစားလျက် မကြာခဏ ကြုံတတ်သည်။

ကျွန်မ သူ့ကို တွေ့ရတာ များလာလေလေ၊ သူ့ကို ပို သဘောကျလာလေလေ ဖြစ်နေသည်။ သူ့နာမည်နှင့် သူ့အခန်းနံပါတ်ကို သိအောင်ကြိုးစားမည်ဟု မိုက်မိုက် မဲမဲ စဉ်းစားမိသေးသည်။ သူနှင့်အတူ ဓာတ်လှေကား ထဲမှာ ဆုံမိအောင် ကြိုးစားမိတော့မည့် အခြေအနေ အထိ စဉ်းစားမိခဲ့သည်။ ကျွန်မ မေမေသည် ကျွန်မကို ထိုကဲ့သို့သော မိန်းကလေးမျိုး ဖြစ်လာအောင် ကျွေးမွေး ပြုစုခဲ့သည့် မိခင်တစ်ယောက်တော့ မဟုတ်ပါ။ ထို့ ကြောင့် ကျွန်မသည် အဝေးမှနေ၍ စိတ်ကူးရင်းနှင့်သာ သူနှင့် ချစ်သူ ဖြစ်နေမိတော့သည်။

မတ်လတုန်းက သူ ထိုဟိုတယ်မှာ ရှိနေခဲ့ သည်။ ကြာသပတေး မနက်ခင်းတွင် သူနှင့် ကျွန်မ သည် စားပွဲကိုယ်စီမှာ နံနက်စာစားနေကြသည်။ ကျွန်မ ရင်တွေခုန်လာပြန်သည်။ ကျွန်မ သူ့ကို စိုက်ကြည့်နေမိ သော်လည်း သူကတော့ သတင်းစာကို သာ ငုံ့ဖတ်နေ သည်။ နောက်တစ်နေ့ မနက်မှာ ဟိုတယ်မှ ပြန်ဖို့ ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းနေချိန်၌ ကျွန်မထံသို့ သန့်ရှင်းရေး အမျိုးသမီးတစ်ယောက် ရောက်လာသည်။ သူမသည် တစ်စုံတစ်ရာကို အလွန်စိုးရိမ်နေကြောင်း လည်း ကျွန်မကို ပြောပြသည်။ မနေ့က အမျိုးသား တစ်ယောက်သည် သူ့အခန်းထဲမှ ခေါင်းအုံးတစ်လုံး ယူလာပြီး သူမထံ ရောက်လာခဲ့သည်ဟု ဆိုသည်။ ထိုလူက သူနှင့် ကျွန်မ ချစ်သူတွေဖြစ်ကြောင်း၊ စကား

များ ရန်ဖြစ်ကြလို့သာ မခေါ်မပြောဖြစ်ကြကြောင်း၊ သူ့အနေဖြင့် ကျွန်မ၏ ခေါင်းအုံးဖြင့် အိပ်စက်ချင်၍ သူ့ခေါင်းအုံးနှင့် လဲပေးရန် သူမထံ အကူအညီတောင်းပြီး ဒေါ်လာနှစ်ရာ မုန့်ဖိုးပေးခဲ့ကြောင်း မနေ့က လာပြောခဲ့သည်ဟု ဆိုပါသည်။ ကျွန်မ၏ ခေါင်းအုံးနှင့် အိပ်စက်ရပါမှသာ သူစိတ်ချမ်းသာမည်ဟု ဆိုခဲ့သည်။ ထိုလူ၏ ပုံပန်း သဏ္ဌာန်ကို ပြောပြခိုင်းသောအခါ သန့်ရှင်းရေးအမျိုးသမီး၏ ပြောပုံအရဆိုလျှင် ကျွန်မ တိတ်တခိုး စွဲမက်နေရသည့် သူဖြစ်နေသည်ကို သိလိုက်ရသည်။ သူလည်းပဲ တိတ်တခိုး ချစ်တတ်သူကိုး။

သန့်ရှင်းရေးအမျိုးသမီးက ငွေကြေးလိုအပ်သည်ကတစ်ကြောင်း၊ ခေါင်းအုံးချင်း လဲပေးရုံမျှနှင့် ဘာမှ ထိခိုက်နစ်နာစရာ ဖြစ်မှာမဟုတ်ဘူးဟု ထင်မိသည်က တစ်ကြောင်းမို့ သူ့ခေါင်းအုံးနှင့် ကျွန်မ ခေါင်းအုံးကိုလဲကာ ခေါင်းအုံးစွပ် အသစ်တစ်ခု စွပ်ပြီး ကျွန်မအိပ်ရာပေါ်မှာ တင်ထားပေးခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့် သူမအမှား လုပ်ခဲ့မိလေပြီဟု ထင်ပြီး ကြောက်ရွံ့နေခြင်းဖြစ်သည်။ ကျွန်မက ထိုသို့ သိလိုက်ရသည့်အတွက် အလွန်ဝမ်းသာကြောင်း ပြောပြကာ သူ့ခေါင်းအုံးကို ကျွန်မ ယူသွားနိုင်ဖို့ အတွက် သူမကို ဒေါ်လာ နှစ်ရာပေးမည်ဖြစ်ကြောင်းနှင့် မသိသလိုသာ နေပေးပါဟု ဆိုခဲ့ရသည်။

ထိုစဉ်ချိန်ကတည်းက ကျွန်မ သူနှင့် မတွေ့ရတော့ပါ။ သူ ကျွန်မကို မချည်းကပ်ခဲ့သည်မှာ သူ့အကြောင်းနှင့်သူ ဖြစ်မည်ဟု ထင်သောကြောင့် သူဘယ်သူဘယ်ဝါလဲဆိုတာကို ကျွန်မက သိအောင်မကြိုးစားခဲ့ပါ။ ကျွန်မ သူ့ခေါင်းအုံးနှင့် အိပ်ပါသည်။ သူ့ ခေါင်းအုံး၏ ရနံ့က ကျွန်မအတွက် တကယ့်ကိုကြည်နူးဖွယ်ရာ ဖြစ်နေသည်ကိုတော့ ကျွန်မဝန်ခံပါသည်။ ဒီစာကို သူဖိတ်မိပါက သူ့အိပ်မက်တွေသည်လည်း ကျွန်မ၏ အိပ်မက်များကဲ့သို့ပင် ချိုမြိန်နေပါစေဟု ဆန္ဒပြုလိုက်ပါသည်။

♦ ♦

## ဘယ်ဆီဘယ်ဝယ်

To The Unknown Region By Anonymous

ကျွန်တော်က ရတနာအရောင်းဆိုင်မှာ အလုပ်လုပ်ပါသည်။

မိန်းကလေးတစ်ယောက် ကျွန်တော်တို့ ဆိုင်ထဲကို ဝင်လာသည့်နေ့မှာတော့ သူမကို ဧည့်ကြိုလုပ်ရန်အတွက် ဆုံးဖြတ်လိုက်ပါသည်။ ထိုမိန်းကလေး သည် ကျွန်တော့်ကို ချက်ချင်းပင် စွဲလမ်းသွားစေသည် မဟုတ်လား။ (အမှန်မှာတော့ ဈေးဝယ်တစ်ယောက် နောက်သို့ တကောက်ကောက် လိုက်လံပြသ စောင့်ကြပ်ရသည်မှာ ကျွန်တော်၏အပိုင်း မဟုတ်သလို ကျွန်တော့် အလုပ်တာဝန်လည်း မဟုတ်ပါ။) သူမ၏ အသက်သည် နှစ်ဆယ့်၊ နှစ်ဆယ့်တစ် ဝန်းကျင်ခန့်ရှိသည်။ သူ့ပုံစံလေးက ချစ်စရာ။ ညိုမှောင် သော ဆံပင်နှင့် မျက်လုံးတို့က ကျွန်တော့်ကို ညို့ယူဖမ်းစားထားသည်။ သူမမှာ ရောင်းချဖို့ လက်စွပ်တစ်ကွင်း ပါလာ

သည်။ ထိုလက်စွပ်ကို ကျွန်တော့်ကို စိတ်မပါစွာဖြင့် ထုတ်ပြသည်။ ကျွန်တော် သူမ၏ လက်စွပ်ကို စစ်ဆေး ကြည့်သောအခါ သူမက ခွင်ပွန်းဖြစ်သူ အသတ်ခံခဲ့ရ၍ ထိုလက်စွပ်ကို သူမ အနေဖြင့် ဆက်လက် မထိမ်းသိမ်း ထားနိုင်တော့ကြောင်း ဆက်စပ်၍ ပြောပြသည်။ သူမ လက်စွပ်ကို ရောင်းတော့မည်ဟု ပြောသော လေသံကို ထောက်ရှုခြင်းအားဖြင့် သူမအနေနှင့် ခင်ပွန်းဖြစ်သူနှင့် ပတ်သက်သမျှကို လုံးဝအပြီးအပိုင် နှုတ်ဆက်လိုက်ပြီ ဆိုသည့်သဘော ကျွန်တော် ရှင်းရှင်းလင်းလင်း သိ လိုက်ရသည်။

(ကျွန်တော် လူပေါင်းစုံနှင့် ဆက်ဆံဖူးသည်။ ကြေကွဲစရာ ဇာတ်လမ်းပေါင်းစုံကို နားထောင်ခဲ့ဖူးသည်။ ယခု မိန်းကလေး၏ အဖြစ်အပျက်က အမှန်အကန် ဖြစ်သည်ဆိုတာကို ကျွန်တော် သိနေသည်။) သူမ စကားပြောနေစဉ်၌ သူမ၏ နှုတ်ခမ်းအစုံသည် တဆတ် ဆတ် တုန်ရီနေကာ မျက်ဝန်းအစုံသည်လည်း အား တင်းထိန်းသိမ်းထားသည့် မျက်ရည်တို့ဖြင့် တောက်ပ နေခဲ့သည်ကို ကျွန်တော် သတိထားမိခဲ့သည်။ ကျွန် တော် ထိုနေရာမှာ ဆက်လက် ရပ်နေနိုင်စွမ်း မရှိ တော့ပါ။ လူစိမ်းတစ်ယောက်နှင့် ပတ်သက်လျှင် ကျွန် တော်၏ စိတ်ခံစားမှုမျက်နှာသည် သူရဲဘောကြောင် တတ်၏။ ကျွန်တော်သည် တခြားဝန်ထမ်း တစ်ယောက် အား အရောင်းအဝယ်ကိစ္စ လွှဲပေးထားလိုက်ပြီး

ကျွန်တော့် အလုပ်ကို ပြန်လုပ်ကာ သူမ၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်မှုများ ပြီးစီးသွားပြီး သူမ ထွက်ခွာသွားသည်အထိ စောင့်ကြည့်နေမိခဲ့သည်။

ကျွန်တော် သူမကို ဖေးဖေးမမနှင့် နှစ်သိမ့်ပေးရမလို ခံစားမိသော်လည်း ထိုသို့လုပ်၍ မရဘူးဆိုတာကို ကျွန်တော် သိနေသည်။ သို့ရာတွင် ကျွန် တော် သူမကို အားပေးနှစ်သိမ့်ရပါမည်။ ကျွန်တော် သည် သူမ၏ နာမည်နှင့် လိပ်စာကို အရောင်းအဝယ်ဘောက်ချာစာအုပ်ထဲမှာ ပြန်တွေ့သည်။ ထိုလိပ်စာက ကျွန်တော့်ကို စာရေးဖြစ်ဖို့ တိုက်တွန်းနေသည်။ ကျွန်တော့်ကို အတင့်ရဲပြီး စာလှမ်းရေးသူဟု မထင်စေလိုကြောင်းဖြင့် စာကို စရေးသည်။ သူမ ဆုံးဖြတ်ခဲ့သည့် အပြုအမူနှင့် ပတ်သက်၍ သူမ၏ သတ္တိရှိမှုကိုမူ ကျွန်တော့်အနေနှင့် လေးစားမိကြောင်း၊ သူမ၏ ရှေ့ဆက်လျှောက်လိုသော စိတ်နေသဘောထားဖြင့် ဘဝမှာ အဆင်ပြေပြေ လျှောက်လှမ်းနိုင်မည်ဟု ခံစားရကြောင်း ကျွန်တော်ဆက်ရေးသည်။ ကျွန်တော့်ဘဝလမ်းကြောင်း တစ်မျိုးတစ်ဖုံ ဖြစ်ချင်ခဲ့ကြောင်း။ သို့မှသာ သူမလို မိန်းကလေးမျိုးနှင့် ဆုံခွင့်ရမှာဖြစ်ကြောင်း သူမကို စွဲလမ်းသည့်အရိပ်အမြွက်လေးတွေပါ ပါအောင် ကျွန်တော် ရေးမိသည်။ နောက်ဆုံးနိဂုံးအပိုဒ်မှာတော့ သူမကို အားပေးနှစ်သိမ့်လိုသည့်သဘောဖြင့် "ကိုယ့်အုတ်ဂူဘေးမှာရပ်ပြီး မငိုပါနဲ့ကွယ်"ဟူသည့် ကဗျာအပိုဒ်လေးတစ်ခု ရေးလိုက်သည်။

စာရေးပြီးသောအခါ ကျွန်တော်သည် ဘာကိုမှ စဉ်းစားမနေတော့ဘဲ စာတိုက်မှ ပို့လိုက်သည်။

သူမ ဘယ်လိုများ တုန့်ပြန်မလဲ၊ ဘာတွေများ စဉ်းစားမလဲဟု စိတ်ကူးရင်း နေ့ရက်တွေ ကုန်လွန်သွားခဲ့သည်။ ကျွန်တော်၏ စိတ်ခံစားမှုတို့သည် နောင်တရမှု၊ ယူကြုံးမရဖြစ်မှုတို့မှ မျှော်လင့်ချက်တို့ဖြင့် ပြည့်နှက်နေသော စိတ်ကူးထဲမှာ သူမနှင့် ဆုံတွေ့ မှုတို့အဖြစ် ပြောင်းလဲလာသည်။ နှစ်ပတ်ကြာပြီးသောအခါ ကျွန်တော့်စာသည် "လိပ်စာရှင်မရှိ"ဟူသော မှတ်ချက်ဖြင့် ကျွန်တော့်ထံ ပြန်ရောက်လာသည်။ သူမ၏ ဘဝသည် ရှေ့ဆက်ရွှေ့လျားနေသည်မှာ သေချာလှ၏။ ကျွန်တော်ကတော့ ကြေကွဲခဲ့ရသည်။

♦ ♦

## မမြင်ရသောအချစ်

Unseen Story By Anonymous

ကျွန်တော် တခြားအမျိုးသမီးတစ်ယောက်နှင့် ပတ်သက်သည့်အချိန်တွင် ကျွန်တော်၏ အိမ်ထောင်သက်မှာ ကိုးနှစ်ခန့် ရှိပြီဖြစ်သည်။ တစ်နေ့တွင် ကျွန်တော်၏ ရုံးခန်းသို့ စာတိုက်မှ စာတိုလေးတစ်စောင် ရောက်လာသည်။ ပြန်ရေးလို့ ရနိုင်မည့် လိပ်စာတော့မပါပေ။ ထိုအမျိုးသမီးက သူ ကျွန်တော့်ကို မြင်တွေ့နေရပြီး မေတ္တာစိတ်တွေ ယိုဖိတ်နေသည်ဟု စာတိုလေးထဲတွင် ဆိုထားသည်။ ကျွန်တော့်ပုံစံက ဆွဲဆောင်မှု ရှိလှသည်ဟု ဆိုထားသည်။ အထူးသဖြင့် သူတစ်ပါးအပေါ်မှာ ဆက်ဆံသည့် အပြုအမူကို သဘောအကျဆုံးဟု ဆိုသည်။ သူပြောလည်း အမှန်ပင် ဖြစ်သည်။ ကျွန်တော့်မှာ အမူအကျင့်ကောင်းတွေ ရှိသည်။

သူ့ထံမှ စာတိုလေးများသည် တစ်ပတ်လျှင် တစ်စောင်ခန့် ကျွန်တော့်ဆီကို ရောက်လာသည်။

သူစာရေးသည့် ပုံစံကို ကျွန်တော် နှစ်သက်သည်။ ကျွန်တော့်ထံမှ ဘာကိုမှ မျှော်ကိုးလိုသည့် စိတ်ရှိမနေသည်ကို သိရသည့်အတွက်လည်း စိတ်သက်သာရာ ရမိသည်။ သူသည် ကျွန်တော့်ကို တွေ့ချင်နေသည်ဟု မတောင်းဆိုသလို စာပြန်ရေးဖို့လည်း မတိုက်တွန်းပါ။ တစ်ခါတစ်ရံတွင် ကျွန်တော့်ထံကို ကဗျာလေးတွေ ရေးပို့တတ်သည်။

သူ၏ စာများသည် ကျွန်တော့်ကို တဖြည်းဖြည်းနှင့် ဩဇာလွှမ်းမိုးစ ပြုလာသည်။ ကျွန်တော် မှန်ထဲကို ကြည့်မိသောအခါ ကျွန်တော်၏ ပုံစံသည် သိပ်ပြီးတော့ ပုံမကျ။ ပန်းမကျဖြစ်နေသည်ကို သတိထားမိသည်။ ထို့ကြောင့် ကျွန်တော် အားကစားကလပ်တစ်ခုသို့ သွားကာ ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်သည်။ ယခင်က အရေးတယူ မဝယ်ဝတ်ဖူးခဲ့သော အဝတ်အစားအသစ်တွေ ဝယ်မိသည်။ သူကလည်း ကျွန်တော်၏ ပြောင်းလဲပုံကို သတိထားမိသည်။ ကျွန်တော့်ပုံသည် ကျန်းကျန်းမာမာ ပုံစံရှိပြီး ကျွန်တော်၏ ဝတ်စား ဆင်ယင်မှုသည်လည်း ကျွန်တော်နှင့် လိုက်ဖက်သည်ဟု သူက စာထဲ ထည့်ရေးသည်။ ကျွန်တော့်ထံကို အဖိုးတန် လည်စည်းတစ်ခုပင် ပို့ပေးလိုက်သေးသည်။

အဆိုးဆုံးကတော့ မိမိကိုယ်မိမိ အပြစ်ရှိသူတစ်ယောက်ပမာ ခံစားနေရခြင်းဖြစ်သည်။ ကျွန်တော့်ဇနီးကို ကျွန်တော် ချစ်သည်။ ကျွန်တော်တို့၏ အိမ်

ထောင်ရေးသည်လည်း ကိုးနှစ်သက်တမ်း ကျော်လွန်ပြီး နောက် ပို၍ အဆင်ပြေ ချောမွေ့နေသည်။ ကျွန်တော် သည် အိမ်ထောင်ရေး ဖောက်ပြန်ဖို့ ဘယ်တုန်းကမှ ကြိုးစားဖူးခဲ့သူမဟုတ်။ သို့ရာတွင် အိမ်ထောင်သည် ယောက်ျား အများစုလိုပင် ပြစ်မှားခဲ့တာတွေ ရှိသည်။ ကျွန်တော့်ထံ နောက်ပိုင်းရောက်လာသည့် စာများထဲ တွင် သူက ရိပ်ဖမ်းသံဖမ်းကိစ္စများ စတင်ရေးသားလာ သောအခါ ကျွန်တော့်မှာ ဒုက္ခတစ်ခုလို ဖြစ်နေမိသည်။ ညစ်ညစ်ညမ်းညမ်း စာသားများဖြင့် ရေးသားထားသည် တော့မဟုတ်။ ယောက်ျားနှင့် မိန်းမ နမ်းနေသည့် ဓာတ်ပုံတချို့နှင့် ဝတ္ထုတိုတချို့ကို ပို့ပေးနေခြင်း ဖြစ် သည်။ ကျွန်တော်က သဘောကျနေသည်။ ကျွန်တော် သည် သွားလေရာမှာ ထိုအမျိုးသမီးကို လိုက်ရှာနေမိ သောကြောင့် အပြစ်ရှိသူတစ်ယောက်လို ခံစားနေရ သည်။

ဒီလိုနှင့် လတွေကုန်လွန်ခဲ့သည်။ တစ်ရက်မှာ တော့ စာတိုက်မှ စာအုပ်တစ်အုပ် ကျွန်တော့်ထံ ရောက်လာသည်။ စာအုပ်က “စိတ်ကူးယဉ် ချစ်သူများ အတွက် စိတ်ကူးယဉ်အချစ်” ဆိုသည့် စာအုပ်ဖြစ်သည်။ ထိုစာအုပ်ထဲတွင် စုံတွဲပုံ မျိုးစုံပါသည်။ ထိုစာအုပ်ကြောင့် ကျွန်တော့်စိတ်တွေ တဆတ်ဆတ် လှုပ်ရှားရသည်။ သူမ၏ စာများကလည်း ကျွန်တော်နှင့် အတူနေချင် လွန်း လှပြီဟု ဆိုလာသည်။ ကျွန်တော်လည်း သူမနှင့် အတူနေချင်သည်ဆိုတာကိုတော့ ဝန်ခံပါသည်။

ယခု ကျွန်တော်၏ ပုံစံမှာ ဒေါင်ဒေါင်မြည် နေပြီ။ အဝတ်အစားတွေကို စမတ်ကျကျ ဝတ်ဆင် တတ်လာပြီ။မမြင်ရသော အချစ်ကို တောင့်တောင့် တတ ဖြစ်နေပြီ။

တစ်ရက်မှာတော့ အဝါရောင် နှင်းဆီပန်း တစ်စည်း ကျွန်တော့် ရုံးခန်းကို ရောက်လာသည်။ နှင်းဆီပန်းစည်းတွင် စာလေးတစ်စောင်ပါသည်။ ထိုစာ ထဲမှာတော့ ဒီနေ့ နေ့လည်အချိန်တွင် ကျွန်တော့်ရုံးခန်း အနီးရှိ ဟိုတယ်တစ်ခု၏ ဧည့်ခန်း၌ ကျွန်တော်နှင့် တွေ့ ဖို့ ဆုံးဖြတ်ချက် ချလိုက်ပြီဟု ပါရှိသည်။ သူသည် အဝါရောင် နှင်းဆီပန်းလေးတစ်ပွင့်ကို ရင်ဘတ်မှာ ထိုးထားပြီး ပင်မဧည့်ခန်းထဲ၌ စောင့်နေမည်ဟု ဆိုထား သည်။

ကျွန်တော် စိတ်တွေ လွတ်ထွက်သွားသည်။ ကျွန်တော် မသွားနိုင်ဘူး။ ဒါပေမဲ့ ကျွန်တော် သွားချင် နေတယ်။ ကျွန်တော် သွားမှဖြစ်မယ်။

သို့ရာတွင် သူ့ကို အရင်ဆုံး အကဲခတ်ကြည့် ဦးမည်ဟု ကျွန်တော် စိတ်ကူးရလိုက်သည်။ ကျွန်တော် ထိုဟိုတယ်သို့သွားကာ ဘေးလှေကားမှ အပေါ်သို့ တက်ခဲ့သည်။ ဧည့်ခန်းကို အပေါ်စီးမှ မြင်နိုင်သည့် ဝရန်တာလေးရှိရာသို့ ကျွန်တော်သွားသည်။

သူ့ကို တွေ့လိုက်ရပါပြီ။ သူသည် လှလှပပ ဝတ်စားထား၏။ အဝါရောင်နှင်းဆီ တစ်ပွင့်ကိုလည်း

ထိုးထားသည်။ ဧည့်ခန်းမ အလယ်ရှိ ခုံတန်းရှည် တစ်ခု ပေါ်တွင် သူတစ်ယောက်တည်း ထိုင်နေသည်။ ထို အမျိုးသမီးမှာ ကျွန်တော့်ဇနီးကိုယ်တိုင် ဖြစ်နေသလို ထိုနေ့သည်လည်း ကျွန်တော်တို့၏ အိမ်ထောင်သက် ဆယ်နှစ်မြောက်နေ့လည်း ဖြစ်နေပါသည်။

♦ ♦

## ရှေးရေစက်

Unfinished Love By S.F.G

ကျွန်မမေမေ၏ အသက်မှာ လေးဆယ့်ငါးနှစ်၊ ကျွန်မ အသက်က နှစ်ဆယ့်ငါးနှစ်။ မေမေသည် ဖေဖေနှင့် တွေ့ကာ လက်ထပ်ခဲ့ပြီး ကောလိပ်ကျောင်းသူဘဝ မှာပင် ကျွန်မကို မွေးခဲ့ခြင်းဖြစ်သည်။ ကျွန်မ မှတ်မိ သလောက်ဆိုရလျှင် မေမေတို့၏ အိမ်ထောင်ရေးသည် သာယာချောမွေ့သော အိမ်ထောင်ရေးတစ်ခုပင် ဖြစ်ခဲ့ သည်။

မေမေနေခဲ့သည့် အထက်တန်းကျောင်း၏ နှစ်ဆယ့်ငါးနှစ်မြောက် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲသို့ လွန်ခဲ့သည့် တစ်နှစ်၊ နှစ်နှစ်ခန့်က မေမေ သွားရောက်ခဲ့ဖူးသည်။ မေမေသည် အထက်တန်း ကျောင်းတက်ခဲ့စဉ်က ကျောင်းသူ၊ ကျောင်းသား ဟောင်းများ မှတ်တမ်းနှင့် အမှတ်တရ သိမ်းဆည်းခဲ့ သည့် ပစ္စည်းများကို ကျွန်မအား ထုတ်ပြပါသည်။

**မူဝံစာအုပ်တိုက်**

ကျွန်မ၏ပုံနှင့် မေမေငယ်စဉ်ကပုံမှာ တစ်ထပ်တည်း ဖြစ်နေ၍ ကျွန်မ တအံ့တဩ ဖြစ်ခဲ့ရပါသည်။ မေမေနှင့် ကျွန်မ ထိုမှတ်တမ်း စာအုပ်ကြီးကို အစမှအဆုံး လှန် ကြည့်ကြပါသည်။ စာအုပ်ထဲမှ ကောင်ကလေး တစ်ယောက်၏ ဓာတ်ပုံပါသည့် စာမျက်နှာသို့ ရောက် သောအခါ မေမေ ငိုပါလေတော့သည်။

ကောင်လေး၏ နာမည်က ဘန်နီဖြစ်သည်။ မေမေသည် ထိုကောင်လေးနှင့် အထက်တန်းကျောင်း သူဘဝမှာ အလွန်တွဲခဲ့သည်။ တစ်ယောက်ကို တစ် ယောက် အလွန်ချစ်ခဲ့ကြသည်။ သို့ရာတွင် နှစ်ဖက် မိဘများက သူတို့နှစ်ယောက်ကို သဘောမတူ ကြပေ။ အကြောင်းမှာ ဘာသာမတူသောကြောင့် ဖြစ်သည်။ ဘင်နီနှင့် မေမေသည် မိဘများနှင့် ဝေးရာသို့ ပြေးချင် သည်။ ခိုး ရာလိုက်ပြေးပြီး လက်ထပ်ချင်သည်။ သို့ မဟုတ် ကောလိပ်တစ်ခုမှာပဲ အတူတူ တက်ချင်ကြ သည်။ ဘင်နီနှင့် မေမေသည် ရှေ့ဆက်လက်တွဲဖို့ ကြိုးစားသော်လည်း မဖြစ်နိုင်တော့ပေ။ မေမေသည် ဖေဖေနှင့် သမီးရည်းစားဖြစ်ကာ ဘင်နီသည်လည်း ဆေးကျောင်းသို့တက်ကာ လေတပ်တွင် လေကြောင်း ဆရာဝန်တစ်ယောက် ဖြစ်သွားခဲ့လေသည်။

ကျောင်းသားဟောင်းများ တွေ့ဆုံပွဲတွင် သူတို့ ပြန်ဆုံကြပါသည်။ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာကိုတော့ ကျွန်မ မသိပါ။ ဘင်နီကို ပြန်တွေ့ရသည့်အတွက်

မေမေ ဘယ်လိုခံစားရမလဲဆိုတာကိုတော့ ကျွန်မအား ပြောမပြခဲ့ပါ။ သို့ရာတွင် ဘင်နီမှာ အိမ်ထောင်မရှိသေး ဘူးဆိုတာကိုတော့ ကျွန်မ သိခဲ့ရပါသည်။ လွန်ခဲ့သည့် တစ်နှစ်က မေမေသည် ညစာစားပွဲတစ်ခု ပြုလုပ်ပြီး သူ၏ အထက်တန်းကျောင်းသူဘဝမှ သူငယ်ချင်းများ ကိုပါ ဖိတ်ကြားကာ ကျွန်မကိုပါ တက်ရောက်စေခဲ့ပါ သည်။ ကျွန်မ ဧည့်ခန်း ထဲသို့ ဝင်သွားသောအခါ ကျွန်မ မြင်ဖူးသမျှ ယောကျ်ားတွေထဲတွင် ဆွဲဆောင်မှု အရှိဆုံး သော ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရပါသည်။ သူသည် အရပ်ရှည်ရှည်၊ အသားမည်းမည်းနှင့် ချော မောသူတစ်ယောက်ဖြစ်သည်။ ထိုသူ၏ အမည်မှာ ဒေါက်တာဘင်ဂျမင်ဖြစ်သည်ဟု ကျွန်မကို မိတ်ဆက် ပေးပါသည်။

ဒေါက်တာဘင်ဂျမင်မှာ မေမေ၏ ငယ်ရည်း စား ဘင်နီပင်ဖြစ်သည်။ သူ့အတွက်ရော ကျွန်မအတွက် ပါ မြင်မြင်ချင်းပဲ ချစ်မိတယ် ဖြစ်သွားပါသည်။

ဇာတ်လမ်းကို အတိုချုံ့ပြောရလျှင် သူနှင့် ကျွန်မသည် မြတ်မြတ်နိုးနိုးပင် ချစ်ကျွမ်းဝင်သွားကြပါ သည်။ အစပိုင်းမှာတော့ ကျွန်မတို့ကိစ္စကို သိုဝှက်ထား ကြသည်။ ထိုသို့ ဖုံးဝှက်ထားရသည်မှာ ရူးသွပ်ရာကျ သည်ဟု ကျွန်မထင်သည်။ ကျွန်မတို့နှစ်ယောက် သည် စိတ်ကုဆရာဝန်များ၊ အိမ်ထောင်ရေး အကြံပေးများနှင့် ပင် တိုင်ပင်ဆွေးနွေးမိကြသည်။ သူတကယ်ချစ်တာ

မေမေ့ကို မဟုတ်ဘဲ ကျွန်မကို ချစ်နေတာလားဆိုတာ သေချာအောင် လုပ်ရပါသည်။ နောက်ဆုံးတော့ ကျွန်မ တို့ လက်ထပ်ဖို့ ဆုံးဖြတ်ချက် ချခဲ့ကြပါသည်။ ကျွန်မတို့ သူ့မိဘတွေကို ဖွင့်ပြောသောအခါ သူ့မိဘတွေက "ရေစက်ပဲပေါ့"ဟု ပြောကြပါသည်။ မေမေ့ကို ပြော သောအခါ မေမေသည် သွေးပျက်မတတ်ငိုယိုပြီး ဟက်ဟက်ပက်ပက် ရယ်ပါလေတော့သည်။ ကျွန်မတို့ ၏ အခြေအနေနှင့် ပတ်သက်၍ ဖေဖေနှင့် မေမေသည် လည်း စိတ်ချလက်ချ ဖြစ်သွားပုံရပါသည်။

လွန်ခဲ့သည့် နှစ်လက ကျွန်မတို့ လက်ထပ်ခဲ့ ကြပါသည်။ ကျွန်မတို့ လုပ်ရပ်မှန်ကန်ခဲ့သလား ဆိုတာ ကိုတော့ အချိန်ကာလကသာ အဆုံးအဖြတ် ပေးပါလိမ့် မည်။ လပ်ထပ်မှု မှန်သမျှသည်လည်း ထိုအတိုင်းပင် ဖြစ်လေသည်။ သူသည် တစ်ချိန်က မေမေ၏ ဘင်နီ ဖြစ်ခဲ့သည်။ ဒါပေမယ့် အခုအချိန်မှာတော့ ကျွန်မ၏ ဘင်နီဖြစ်ပါသည်။

♦ ♦

Love of a Life Time By Anne Joeri Doyen Perrin

ကျွန်မ၏ (၈၃)နှစ်ရှိပြီဖြစ်သော ဖေဖေသည် သူတို့၏ ကယ်လီဖိုးနီးယားအိမ်မှ ဘယ်ကိုကို ခရီးထွက်ချင်မှာ မဟုတ်ဘူး ဆိုတာကို ကျွန်မ သိလျက်နှင့်ပင် လွန်ခဲ့သည့်လေးနှစ်က မေမေ့ကို အလည်လာဖို့ ဖိတ်ခေါ်ခဲ့သည်။ မေမေကတော့ ခရီးသွားရတာ သဘောကျသည်။ သို့ရာတွင် မေမေက "လာမလည်တော့ပါဘူး ကွယ်၊ သူက မေမေ့ကို ဘယ်တော့မှ ခွဲမှာမဟုတ်ဘူး"ဟုသာ အချိုသပ်၍ ငြင်းခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ပြီးနောက် လအနည်းငယ် အတွင်းမှာပင် မေမေသည် အကြီးအကျယ် ဖျားပြီး လေဖြတ်သွားခဲ့သည်။ မေမေသည် စကားမပြောနိုင်တော့။ ကျွန်မတို့၏ မေးခွန်းတွေကို တုံ့ပြန်နိုင်စွမ်း

မရှိတော့။ သို့ရာတွင် ကျွန်မ၏ အမေနှင့် ကျွန်မ သွား လည်လျှင်တော့ သတိထားမိသည်။ အထူးသဖြင့် ဖေဖေ့ကို သတိအပြုမိဆုံးဖြစ်သည်။ ယခုဆိုလျှင်တော့ ကျွန်မတို့ သွားလည်သည့်အခါများတွင် မေမေက ကျွန်မတို့ကို ပြုံးပြတတ်သည်။ ဟာသတိုထွာများနှင့် မိသားစုရေးရာများအကြောင်း ပြောလျှင်လည်း ပြုံးနေ တတ်ပါသည်။ သို့ရာတွင် မေမေသည် သူ့ကိုယ်သူ ပြုပြင်စောင့်ရှောက်နိုင်စွမ်း လုံးဝမရှိတော့ပေ။ လေဖြတ် ကတည်းက လူအိုရုံမှာ နေခဲ့ရသည်။

ကျွန်မတို့ ဖေဖေသည်လည်း လူအိုရုံမှာ နေရ သူ မဟုတ်ပေမယ့် လူအိုရုံသို့ နေ့စဉ်မပျက်သွားသည့် ဧည့်သည်တစ်ယောက် ဖြစ်နေပါသည်။ ဖေဖေသည် လူအိုရုံမှာ တစ်နေ့လုံး မေမေ့ကို ထမင်းကျွေး၊ အသုံးပြု မရတော့သည့် ကြွက်သားများကို နှိပ်နယ်ပေး၊ စာတွေ ဖတ်ပြ၊ ရပ်ဝေးမှ မိတ်ဆွေမိသားစုများအကြောင်း သိရ သမျှ သတင်းတွေကို ပြောပြ၊ နောက်ကျောကို ပွတ်သပ် ပေး၊ သီချင်းလေးတွေဆိုညည်းပြ၊ မိသားစု ဓာတ်ပုံတွေ ထုတ်ပြနှင့် မေမေသက်တောင့်သက်သာ ဖြစ်စေမည့် နည်းလမ်းများဖြင့် ပြုစုပေးနေပါသည်။

အခု ဖေဖေ့အသက်မှာ ရှစ်ဆယ့်ရှစ်နှစ်ရှိပြီ ဖြစ်သည်။ ဖေဖေသည် သူ၏ သစ္စာစောင့်သိမှုကြောင့် လူအိုရုံမှာ သမိုင်းဝင် ဖြစ်သွားခဲ့ရပါသည်။ ဖေဖေသည် မေမေလေဖြတ်သည့်နေ့ (သူတို့၏ ၅၉နှစ်မြောက် လက်

ထပ်ခြင်း အထိန်းအမှတ်ည)မှစ၍ မေမေနှင့် မခွဲမခွာ ရှိနေခဲ့သည်။ ဖေဖေ သူ့ကို လုံးဝစွန့်ခွာသွားမှာ မဟုတ်ဘူးဆိုတာကို မေမေလည်းသိနေပါသည်။ (မေမေ ဖေဖေ့ကို ကြည့်သည့်အကြည့်မှာ သိသာလှပါသည်။) မေမေသည်လည်း ခဏတာ အလည်အပတ်သွားမည့် ခရီးတွင် ဖေဖေမပါ၍ ခရီးစဉ် ဖျက်ခဲ့သည်မဟုတ်လား။

ထိုအချက်တွေကြောင့် ကျွန်မ၏ ဖေဖေ ရေမွှန်ဒိုယန်းသည် သစ္စာတရားစောင့်သိမှု၊ ဂရုစိုက်မှု၊ ကရုဏာတရားနှင့် တာဝန်ဝတ္တရားတို့ကို ကျွန်မအား သင်ကြားပြသပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။ ဖေဖေသည် အကြံပေးတတ်သောသူ တစ်ယောက် မဟုတ်ခဲ့ပါ။ သူ့ဘဝမှာ စံပြဖြစ်အောင် နေထိုင်ပြသွားခဲ့ခြင်းသာ ဖြစ်ပါသည်။

♦ ♦

## အသက်ပေး၍ချစ်ရဲလေသူ

The Man Who Die For Love By Robert Fulghum

ယခု ကျွန်တော်ရေးသည့် အကြောင်းအရာမှာ ကိုယ်ရေးကိုယ်တာ ဆန်လှပါသည်။ အကြောင်းအရာမှာ အနည်းငယ် အချိုစွက်သည်ဖြစ်၍ သတိတော့ထားပါ။ စရေးဖြစ်ကာစက ကျွန်တော့်ဇနီးကိုပေးသည့် စာတိုလေးအဖြစ် ရေးဖြစ်ခြင်း ဖြစ်သည်။ နောက်မှ စာဖတ်သူထဲမှ တချို့သည် ခင်ပွန်းသည်များ၊ ဇနီးသည်များ ဖြစ်ကြ၍ ခံစားချက်ချင်းလည်း တူနိုင်မည်ဖြစ်သောကြောင့် စာတစ်ပုဒ်အဖြစ် ဖြန့်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ယခု ဇာတ်လမ်းသည် ကျွန်တော့် ကိုယ်ပိုင် ဇာတ်လမ်း မဟုတ်ပါ။ ချားလ်စ်ဘွိုင်ယာ၏ ဇာတ်လမ်းသာ ဖြစ်ပါသည်။

ချားလ်စ်ဘွိုင်ယာကို မှတ်မိကြသေးရဲ့လား။ သူသည် ယဉ်ကျေးသိမ်မွေ့သည်။ သပ်သပ်ရပ်ရပ်နှင့် ကြော့မော့နေအောင် ဝတ်စားတတ်သည်။ ရုပ်ရည်

ချောမောသည်။ နှစ်လိုဖွယ်ရာရှိသည်။ သူသည် ရုပ်ရှင်လောကမှ အကျော်ကြားဆုံးသော အလှပဆုံးသော အမျိုးသမီးများ၏ အချစ်တော်တစ်ယောက် ဖြစ်သည်။ ထိုအကြောင်းတွေကို မဂ္ဂဇင်းတွေထဲမှာ ပိတ်ကားပေါ်မှာ တွေ့မြင်ခဲ့ကြရသည်။ တကယ့်လက်တွေ့ ဘဝမှာတော့ တခြားစီ ဖြစ်နေပါသည်။

သူ့ဘဝမှာ ချစ်သူတစ်ယောက်တည်း ရှိပါသည်။ ထိုချစ်သူကတော့ သူလေးဆယ့်လေးနှစ်လုံးလုံး ပေါင်းသင်းခဲ့သည့် သူ့ဇနီး ပက်ထရီစီယာပင် ဖြစ်သည်။ သူတို့နှစ်ယောက်၏ အချစ်သည် တစ်သက်စာခံသည့် အချစ်ဟု မိတ်ဆွေအပေါင်းအသင်းတွေက ပြောစမှတ် ပြုကြသည်။ သူ့တို့နှစ်ယောက်သည် စပေါင်းခဲ့သည် နှစ်မှ နောင်လေးဆယ့်လေးနှစ်ကြာသည်အထိ ချစ်သူတွေအဖြစ်မှ၊ မိတ်ဆွေတွေအဖြစ်မှ အဖော်အဖြစ်မှ အဆင့်လျှော့ကျဖူးသည်ဟူ၍ မရှိခဲ့ပေ။

နောက်တော့ ပက်ထရီစီယာတစ်ယောက် အသည်းကင်ဆာဖြစ်သည်။ ကင်ဆာဖြစ်နေသည့် အကြောင်းကို ဆရာဝန်တွေက ချားလ်စ်အား ပြောပြခဲ့သော်လည်း သူသည် ဇနီးဖြစ်သူကို မပြောဝံ့ခဲ့ပေ။ ထို့ကြောင့် သူသည် ဇနီးဖြစ်သူ အားရှိစေရန်၊ မျှော်လင့်ချက်တွေ ရှင်သန်နေစေရန် သူမ၏ ကုတင်ဘေးမှာပဲ

ထိုင်စောင့်နေပေးခဲ့သည်။ နေ့ညမလပ်အောင် သူစောင့်ခဲ့သည်မှာ ခြောက်လကြာသည်။ မလွဲမသေကြုံလာမည့် အရေးကို သူ့အနေနှင့် ပြောင်းလဲပေးနိုင်စွမ်းမရှိခဲ့ပေ။ ဘယ်သူမှလည်း မစွမ်းနိုင်ပါ။ ပက်ထရီစီယာသည် သူ့လက်ထဲမှာပဲ ကွယ်လွန်သွားခဲ့သည်။ နှစ်ရက်ကြာပြီးသောအခါ ချားလ်စ်ဘွိုင်ယာသည်လည်း ကွယ်လွန်သည်။ သူ့ကိုယ်သူ အဆုံးစီရင်ခြင်း ဖြစ်သည်။ သူမမရှိဘဲ သူ့အနေနှင့် အသက်ရှင်မနေလိုတော့ဟု သူပြောခဲ့သည်။ "သူ့ရဲ့အချစ်ဟာ ကျွန်တော့်အဖို့ အသက်တမျှပါပဲ" ဟု သူပြောခဲ့သည်။

ထိုအဖြစ်သည် ရုပ်ရှင်မဟုတ်ပေ။ ကျွန်တော်ဆိုခဲ့သလို ချားလ်စ်ဘွိုင်ယာ၏ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်း ဖြစ်ပါသည်။

သူ၏ သောကဝေဒနာကို သူ ဘယ်လိုဖြေရှင်းသွားသည်ဆိုတာကို ကျွန်တော့်အနေနှင့် စီရင်ချက် မချလိုပါ။ သို့ရာတွင် ကျွန်တော့်အနေနှင့် စိတ်ထိခိုက် ခံစားရသလို ထူးဆန်းသည့် ပုံစံတစ်မျိုးဖြင့် စိတ်သက်သာရာရလိုက်သည်ဟု ပြောလိုခြင်းဖြစ်သည်။ ဟောလိဝုဒ်အချစ်လောက ဟန်ပြအတုအယောင်တို့၏ နောက်ကွယ်မှ အချစ်၏ နက်ရှိုင်းမှုကြောင့် စိတ်ထိခိုက်ကြေကွဲရသည်။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်သည် ထိုကဲ့သို့ ကာလကြာမြင့်စွာ တစ်ယောက်ကို

တစ်ယောက် ချစ်ခဲ့ကြပါလားဟု သိလိုက်ရ၍ စိတ်သက်သာရာ ရမိသည်။

ထိုကဲ့သို့သော အခြေအနေမျိုး ကြုံကြိုက်လာခဲ့ပါက ကျွန်တော်၏ သောကဝေဒနာကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမလဲဆိုတာကို ကျွန်တော် မသိပါ။ ထိုကဲ့သို့သော အဖြစ်မျိုး မကြုံပါရစေနဲ့ဟုသာ ဆုတောင်းရပါမည်။

(ကျွန်တော်၏ ကိုယ်ရေးကိုယ်တာကဏ္ဍကို ဆက်ပါမည်။ ဖြေရှင်းခြင်း မဟုတ်ပါ) ကျွန်တော့် အခန်းထဲကို ကြည့်လိုက်သောအခါ (ဘဝ၏ နေ့စဉ် တခုဝသာမန်ကိစ္စများ အလယ်တွင်) ကျွန်တော့်ဇနီးလည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်၊ အဖော်မွန်လည်းဖြစ်သူကို တွေ့နေရသည့် အချိန်များ ရှိခဲ့ပါသည်။ ဒီတော့မှ ချားလ်စ်ဘွိုင်ယာ ဘာကြောင့် ထိုသို့ လုပ်သွားခဲ့ရသလဲဆိုတာကို ကျွန်တော် နားလည်သဘောပေါက်လာပါသည်။ တစ်စုံတစ်ယောက်ကို ထိုမျှလောက်အထိ ချစ်မြတ်နိုးခဲ့ခြင်းမှာ အမှန်ပင် ဖြစ်နိုင်ပါသည်။ ဒါကို ကျွန်တော်သိသည်။ အသေအချာကို သိနေပါသည်။

♦ ♦

**တစ်သက်တာအပြုံး**

Smile of a Life time By Dennis Smith

ငယ်ငယ်တုန်းက မေမေဟာ ကျွန်တော့်ကို လက်ဆောင် တစ်ခု ပေးဖူးတယ်။ အဲဒီလက်ဆောင်ဟာ ထိတွေ့လို့ ရတဲ့ အရာမဟုတ်ပေမယ့် သံပူနဲ့ခတ်သလို ကျွန်တော့် မှတ်ဉာဏ်ထဲမှာစွဲမြဲစေခဲ့တယ်။

အဲဒီတုန်းကကျွန်တော့်ရဲ့ အသက်ဟာ ၆နှစ်ပဲ ရှိသေးတယ်။ ၁၉၄၆ခုနှစ်ရဲ့ တစ်ခုသောစနေနေ့ဟာ အခံရခက်လောက်အောင် အပူရှိန်လွှမ်းနေတဲ့ နံနက် ခင်းလေးပေါ့။ အဲဒီတုန်းက မေမေဟာ ကျွန်တော့် နဲ့အစ်ကိုကြီးဘီလီကို "ကိုနီ"ကျွန်းမှာ တစ်နေ့တာ သွား ရောက်လည်ပတ်ကြဖို့အကြောင်း ပြောတယ်။ နယူး ယောက်မြို့ကြီးရဲ့ အငှားအိမ်နံရံတွေဟာ ဆွေမျိုးတွေ ပတ်လည်ဝိုင်းနေသလို ပူလောင်လွန်းလှတာမို့ မေမေ့ စကားကြောင့် ဝမ်းပမ်းတသာ ဖြစ်ရတယ်။

**မူဝံစာအုပ်တိုက်**

ကိုနီကျွန်းရဲ့ ဖြူလွလွ သဲသောင်ပြင်ကိုရောက်ဖို့ မြေအောက်ရထားကို တစ်နာရီကြာ စီးရတယ်။ အတ္တလန်တိတ်သမုဒ္ဒရာနဲ့ လူလျှောက်ပျဉ်ချပ်တံတား အကြားက သဲတွေတစ်လိပ်လိပ်ရှိနေတဲ့ နေရာမှာ ရှိနေတဲ့ လူတွေစုလူဝေးဟာ အုပ်အုပ် ကျက်ကျက်နဲ့ သိန်းချီအောင်ရှိနေတယ်။

ရေစပ်နဲ့နီးနိုင်သလောက် နီးတဲ့နေရာဆီကို ကျွန်တော်တို့ဦးပြီးလျှောက်ခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ ဟောင်းနွမ်းနေတဲ့ စစ်စောင်ကြီးကိုဖြန့်ခင်းတယ်။ စောင်က မသားနားဘူး မေမေကပြောလာတယ်။ "ဒါပေမယ့် အဆင်ပြေပါတယ်" ဘဝကိုက ဒီလိုပဲ နေရတာ မဟုတ်လား။

ကျွန်တော်တို့ကိုယ်ပေါ်က အဝတ်အစားတွေ ချွတ်လိုက်တယ်ဆိုရင်ပဲ အောက်မှာရေကူးဝတ်စုံတွေက အဆင်သင့် ဝတ်ထားပြီးသား။ ကျွန်တော့်အစ်ကိုကြီးက ရေစပ်ဆီပြေးတယ်။ အဲဒီအချိန်မှာပဲ ရေခဲမုန့်သယ် ဖြတ်သွားတယ်။ ကြီးမားလှတဲ့ မုန့်သေတ္တာပုံးကြီးကို ပုခုံးမှာ စလွယ်သိုင်းလို့ပေါ့။ "ရေခဲမုန့်တွေ ယူကြဦးမလား" လို့ သူကအော်တယ်။

ရေခဲမုန့်ဆိုပါလားလို့ ကျွန်တော်တွေးမိတယ်။ ဒီဈေးသယ်က ကမ်းခြေထိ ရောက်တယ်တဲ့လား။ မုန့်တစ်ခု ဘယ်လောက်ရောင်းပါလိမ့်။ မေမေကတော့ ဈေးနှုန်းတွေအကုန်သိနေလေရဲ့။ မေမေ့ကိုပဲ အရင်မေးကြည့်ပြီးမှ ဝယ်ရမယ် မဟုတ်လား။

ရေခဲမုန့်သည်လမ်းလျှောက်နေတာ ကမ်းခြေ တစ်ဝက်ကို ကျိုးနေပြီ။ သူဟာ ပျဉ်ချပ်တံတားဘေး အတိုင်းသွားနေတယ်။ ကျွန်တော် သူ့နောက်ကို ပြေး လိုက်သွားတယ်။ ခင်းစောင်တွေကို ကန့်လန့်ဖြတ်ကွေ့ ကာ ဝိုက်ကာနဲ့ လူတွေရှောင်ရင်း၊ သဲတွေကိုကန်ရင်း အရောက်သွားတယ်။ နောက်ဆုံး သူ့အပါး ရောက်သွား ပြီး အင်္ကျီလက်မောင်းလှမ်းဆွဲမိတယ်။"တစ်ခု ဘယ် လောက်လဲဗျ" ကျွန်တော် မေးကြည့်တယ်။

"မင်းအတွက် အကောင်းစား စပါယ်ရှယ် ရမယ်၊ ချာတိတ်"လို့ သူကအစချီပြီးမှ "ဒီနေ့ဈေးနှုန်းက တော့ ၁၀ဆင့်ပဲပေ့" ဖြေတယ်။

"ဗျာ၊ ၁၀ဆင့်တဲ့လား၊ လမ်းထဲမှာဆို တစ်ခု ၅ဆင့်ပဲရောင်းတဲ့ဟာ"

"အေး၊ ဟုတ်လိမ့်မယ်။ ဒီမှာက လမ်းမှ မရှိပဲ ချာတိတ်ရဲ့၊ ဒါက ကမ်းခြေလေ"

ကျွန်တော်ရဲ့မေမေဟာ ရေခဲမုန့်ကို ဘယ် တော့မှ ဆယ်ဆင့်ပေးဝယ်တာ မဟုတ်ဘူး။ ကျွန်တော့် မှာ အကြံရခက်ပြီး ခေါင်းငိုက်စိုက်ချလို့ ခင်းထားတဲ့ စောင်ရှိရာကို ပြန်လာခဲ့ရတယ်။ ဒါပေမဲ့ မော့ကြည့် လိုက်တဲ့အခါမှာတော့ ကျွန်တော်နဲ့ ရင်းနှီးတဲ့ မျက်နှာ တွေတစ်ခုမှ မတွေ့ရတော့ဘူး။ တွေ့ရတဲ့မျက်နှာတွေ ရယ်၊ သဲသောင်ပြင်မှာ စောင်ခင်းပြီးရှိနေတဲ့ မျက်နှာတွေ ရယ်ဟာ ကျွန်တော်ရင်းနှီးတဲ့ မျက်နှာတွေနဲ့ လုံးဝ မတူ

ဘူး။ ဒါတောင်မှ လူတွေနဲ့အရာအားလုံးဟာ တစ်ပုံစံ တည်းလိုလို ဖြစ်နေတယ်။ ဟိုမှာ ထောင်ပေါင်းများစွာ ရှိနေကြတဲ့လူတွေ၊ လမ်းလျှောက်နေသူတွေ၊ ပြေးနေ သူတွေ၊ ထိုင်နေသူတွေ ဘောလုံးပစ်ကစားနေသူတွေ။ နောက်တော့ ကျွန်တော်ဟာ သူတို့နဲ့ လွတ်ကင်းတဲ့ နေရာတွေဆီကို လိုက်ပြီးကြည့်တယ်။ ဒါပေမဲ့ ကျွန် တော့်မေမေကိုရော ကိုကို့ကိုပါ မတွေ့ရဘူး။

"တကယ်လို့ တို့အုပ်စုလူကွဲသွားရင်၊ တို့ တတွေနောက်ဆုံးဆုံကြမယ့်ဆီ လျှောက်သွား. . အဲဒီမှာပဲစောင့်"လို့ မေမေပြောဖူးတယ်။

နောက်ဆုံး ဆုံကြမယ့်နေရာဟာ ကျွန်တော် တို့ခင်းထားခဲ့တဲ့ စစ်စောင်ဟောင်းကြီးနေရာပေါ့။ ဒါပေမဲ့ အခု ဘယ်နေရာရောက်နေသလဲ၊ တစ်ယောက် ယောက်များ သိမလား။ ကျွန်တော်သူစိမ်းတစ်ယောက်နဲ့ စကားပြောမယ်ပြင်တိုင်း၊ မေမေက ဘယ်တော့မှ မပြော ရဘူးလို့မှာထားတာမို့ ကျွန်တော် ကြောက်နေမိတယ်။ အတွေးတွေဟာလည်း အဆိုးဝါးဆုံးကို တွေးနေမိ တယ်။ မေမေ့ကိုသာ ထပ်မတွေ့ရတော့ရင် ဘာတွေဖြစ် လာမလဲ။ ကျွန်တော်တစ်ကိုယ်လုံး တုန်လှုပ် စပြုလာပြီ။

ကျွန်တော်ရဲ့လက်ဝဲဘက်မှာ သစ်သား လှေ ကားတန်းကြီး ရှိနေတယ်။ ကျွန်တော်တွေးကြည့်တယ်။ ကျွန်တော်တို့ တစ်တွေ အဲဒီကနေကမ်းခြေအထိ ဆင်းလာခဲ့သေးလား။ ဒါပေမဲ့ အဲဒီလိုလှေကားမျိုးတွေ ကို နောက်ထပ် အများကြီး မြင်လိုက်ရပြန်တယ်။

ကျွန်တော်ဟာ စောင်တစ်ခုကနေ နောက်စောင်တစ်ခုဆီပြေးသွားတယ်။ ပါးပြင်ကနေ လျောကျစီးသွားတဲ့ မျက်ရည်သွယ်သွယ်ဟာ ပျားရည်စီးချောင်းလေးနဲ့တူနေတယ်။ ကျွန်တော့် ခြေဖဝါးတွေလည်း သဲပူတွေလောင်နေပြီ။

ရုတ်ခြည်းဆိုသလို လှေကားတစ်စင်းကို သွားတွေ့တယ်။ ဒီနားမှာပဲနေဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ သို့ပေမယ့် လှေကားထစ်တွေဟာလည်း သဲသောင်ပြင်လို ပူခြစ်နေတယ်။ ဒါနဲ့ အေးရိပ်ကျနေတဲ့ လူသွားပျဉ်ချပ်အကြားကို လျှောက်သွားတယ်။

ကျွန်တော် မတ်တတ်ရပ်ပြီး လမ်းမျှော်ကြည့်နေပုံဟာ အစောင့်တစ်ယောက်နဲ့ တူနေတယ်။ ကျွန်တော် မေမေနဲ့ နေခဲ့ရတုန်းက အကြောင်းတွေအားလုံး မြင်ယောင်လာတယ်။ ဘုရားကျောင်း တက်ကြပုံတွေ၊ ပန်းခြံထဲမှာ အတူလျှောက်ကြပုံတွေ၊ ရေဒီယိုအတူနားထောင်ကြပုံတွေ။ မေမေ့ကို နောင်ဘယ်တော့မှတွေ့ရတော့မှာ မဟုတ်ပါလားဆိုတဲ့ အတွေးဟာ ကျွန်တော့် ရင်ပတ်တွေကို နာကျင်အောင့်သက်စေ တယ် ကျွန်တော်ငိုနေရင်းက အခုလိုတွေးမိတယ်။ "မေမေရယ် ကျွန်တော့်ဆီရောက်လာပြီး လာတွေ့ရင် ကျွန်တော့်အဖို့ ဘယ်လောက်ကောင်းမလဲနော်"

အဲ. . . အဲဒီလိုနဲ့ပဲ မေမေ့ကို ကျွန်တော် လှမ်းတွေ့လိုက်ရတယ်။ ကျွန်တော့်အစ်ကိုဘီလီရဲ့

လက်ကို ကိုင်ဆွဲလာတဲ့ မေမေ့ မျက်နှာဟာ နာကျင် ပင်ပန်းဟန်နဲ့အတူ မျက်လုံးအစုံဟာ မီးထွက်မတတ် တောက်လက်နေတယ်။ "မေမေ"လို့ ကျွန်တော်အသံ ကုန် ဟစ်အော်ခေါ်မိတယ်။

မေမေရပ်သွားတယ်။ ပြီးတော့ မျက်နှာတင်း နေတယ်။ အကြည့်ကစူးစူးရဲရဲ။ ပြီးတော့မှ တဖြည်း ဖြည်း ပြေလျော့လာတယ်။ ကျွန်တော် နေပူပူအောက် က ပြေးထွက်လာတော့မှပဲ မေမေကျွန်တော့်ကို မြင် တော့မှာ။ ကျွန်တော့်ကို မေမေ မြင်သွားပြီ။ ကျွန်တော် က မေမေ့အပြုံးကို စောင့်ကြည့်နေဆဲ။ ဒီအချိန် မေမေ့ မျက်နှာမှာ ပေါ်ထွက်လာတဲ့အပြုံးကို ကျွန်တော့်တစ် သက် မမေ့နိုင်တော့ဘူး။ မေမေ့အပြုံးက သန့်စင် တယ်။ ပြီးတော့ အစွမ်းကုန် ပျော်ရွှင်သွားတဲ့ အမူအရာ ဟာ မေမေ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားပါတော့တယ်။ "နောက်ဆုံးတော့ သားကိုတွေ့ရပြီပေါ့ကွယ်" လို့ ပြောနေသယောင်ပါပဲ။ မေမေ့အပျော်ရိပ်တွေ ဖြိုးခနဲ၊ ဖြတ်ခနဲ။ ကျွန်တော်မေမေ့ရင်ခွင်ထဲ ပြေးဝင်လိုက် တော့ မေမေကဆီးပြီး ပွေ့ဖက်ထားတယ်။ ကတုန် ကယင်ခံစားနေရတဲ့ ကြားထဲက မေမေပြုံးလာပါတယ်။ အဲဒီအပြုံးဟာ နောင်အနှစ်အတော်ကြာလာတဲ့ အချိန် မှာတောင် မမေ့နိုင်အောင်ပါဘဲ။

ဒါပေမဲ့ ကြာလေလေ မေမေ့ပြုံးလိုက်တဲ့ အပြုံးတွေဟာ အဓိပ္ပါယ် ကွာဟလာလေလေပဲ။ကျွန်

တော်တို့တတွေ အရွယ်ရောက်လာကြချိန်မှာ မေမေ့ဘဝဟာ တောက်ပမှုတွေပါ ကင်းမဲ့လာပါတယ်။ မေမေငြီးငွေ့စိတ်ကုန်သွားတဲ့ တာဝန်မှန်သမျှတွေဟာ ကျွန်တော့် ပခုံးပေါ် စုပြုံပြီး ကျရောက်လာပါတော့တယ်။

ကျွန်တော်တို့မိသားစုဟာ အရင်က လေးယောက်ဖြစ်ပြီး ဘဝကြမ်းတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရဖူးတယ်။ ဖေဖေဟာ ကားဒရိုင်ဘာ။ အဲဒီတုန်းကတော့ ဖေဖေ့ကျန်းမာရေး ကောင်းနေတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဖေဖေရဲ့ အဖြစ်ဟာ တစ်နေ့မှာတော့ အဖြေဖော်လို့မရနိုင်အောင် ပြောင်းလဲသွားရတယ်။ မေမေအိမ်ပြန်ရောက်လာတော့ ထိုင်ခုံပေါ်မှာ ထိုင်လျက်သားရှိနေတဲ့ ဖေဖေ့ကို တွေ့လိုက်ရတယ်။ အဲဒီတုန်းကဖေဖေဟာ ပလတ်စတစ်အရုပ်ကြီးလို တောင့်တောင့်ကြီးရှိနေပြီး စကားလည်းမပြောဘူး။ လှုပ်လည်းမလှုပ်ဘူး။ သူဟာ ဆိုးဝါးလှတဲ့ ရောဂါဖြစ်နေတာကြောင့်မို့ သူ့ကို ဦးနှောက်နဲ့ ပတ်သက်တဲ့ ဝေဒနာရှင်တွေထားတဲ့ ဆေးရုံကို ပို့လိုက်ရတယ်။ အဲဒီမှာပဲ ဖေဖေဟာ အသက်ထက်ဆုံး နေထိုင်သွားခဲ့တယ်။

မေမေဟာ ကျွန်တော်နဲ့ ဘီလီ့ကို အစွမ်းကုန်ရှာဖွေကျွေးမွေးပြီး ကြီးပြင်းစေခဲ့တယ်။ မေမေ့အဖို့ ငွေရမယ့်အလုပ်ဆိုဘယ်သူမှ မလုပ်နိုင်တဲ့အလုပ်တွေ လုပ်ပြီး ရှာဖွေကျွေးမွေးခဲ့တယ်။ အဲဒီတုန်းက ဖေဖေ ဆေးရုံက ဆင်းပါစေလို့ ဆုတောင်းနိုင်တဲ့အထိ

ကျွန်တော်က လူလားမမြောက်သေးဘူး။ ကျွန်တော် ဘာဖြစ်နေတယ်၊ ဘယ်လိုလုပ်နေတယ် ဆိုပြီး ပြောပြမယ့် အဖေမျိုး ကျွန်တော့်မှာ မရှိခဲ့ဘူး။ ကျွန်တော် ဘာတွေမျှော်မှန်းနိုင်မယ်လို့ ပြောပြမယ့်အဖေဆိုတာ မရှိခဲ့ဘူး။ အဲဒီတုန်းက ကျွန်တော်ဟာ ကမ်းခြေမှာ လမ်းပျောက်တုန်းကလို ခံစားနေရတယ်။ ဒီတစ်ခါမှာတော့ ကျွန်တော် နှစ်ပေါင်းများစွာ လမ်းပျောက်နေဦးမယ့် အဖြစ်ပါ။

ကျွန်တော်ဟာ ဖေဖေ့ရုပ်သွင်နဲ့လူကို ရိပ်ဖမ်းသံဖမ်းနဲ့ လိုက်လံရှာဖွေနေတယ်။ တွေ့ပြီဟေ့ဆိုရင်လည်း နယူးယောက်မြို့ရဲ့ အရှေ့ဘက်ခြမ်းက ခပ်မိုက်မိုက်လူစားတွေဖြစ်နေတတ်တယ်။ သူတို့တတွေဟာ ကြောက်စရာကောင်းတဲ့လူစားမျိုးတွေ။ စကားတစ်လုံးမှားထွက်သွားတာနဲ့၊ အကြည့်တစ်ချက်မှားတာနဲ့ ထပြီး ရန်မူကြမယ့်ပုံတွေ။ သူတို့ လိုချင်တာကို ရအောင်ခိုးတဲ့ လူစားတွေ။ ကျွန်တော် သူတို့တတွေလို ဖြစ်ချင်တယ်။ သူတို့တတွေကလည်း ကျွန်တော့်ကိုသဘောကျပြီး လက်ခံစေချင်တယ်။

တစ်နေ့မှာတော့ ကျွန်တော်ဟာ ဂျင်မီဆိုတဲ့ လူတစ်ယောက်နဲ့ အတူခိုးလာတဲ့ ကားထဲခုန်ဝင်မိတယ်။ နောက်တစ်နေ့မှာ ဗင်နီဆိုတဲ့ကောင်ကို ကျွန်တော် ထိုးပစ်တယ်။ သူ့ရည်းစားကို ကျွန်တော် မျက်စိမှိတ်ပြတာကို သူက မကျေနပ်ဘူးဆိုလို့ ထိုးခဲ့တာပါ။ အဲဒီ

နောက် ဖရန်ကီဆိုတဲ့ ငနဲတစ်ကောင်နဲ့ အဖွဲ့ကျပြီး၊ မိန်းမောမူးဝေစေတတ်တဲ့ ဆေးခြောက်စီးကရက်ကို ကျွန်တော် ဖွာတတ်လာပါတော့တယ်။

ကျောင်းထဲမှာတုန်းကလည်း ဆရာတွေကို အမြဲဒေါသထွက်အောင်ဆွတတ်တဲ့ ကျောင်းသားအဖြစ် ကျွန်တော့် သတင်းက မွှေးခဲ့တယ်။ လစ်တာနဲ့ အတန်းထဲမှာ စကားဖောင်ဖွဲ့နေတယ်။ ပုံတွေထိုင်ဆွဲနေတယ်။ ကျွန်တော့်အသက် (၁၄)နှစ် ပြည့်တဲ့ အချိန်မှာ ဆရာမ ကအိမ်ကိုလိုက်လာပြီး မေမေနဲ့အတူ မီးဖိုချောင်ထဲက စားပွဲမှာ ထိုင်တယ်။ "သူကျောင်းပျက်တာများပြီ။ နှစ်လ တောင် ကျော်နေပြီ" လို့ ဆရာမက မေမေ့ကို တိုင်တယ်။

မေမေက ကျွန်တော့်ကို စိုက်ကြည့်တယ်။ မနက်တိုင်း ကျွန်တော်ညာညာပြီး ထွက်သွားတယ်ဆိုတာ မေမေသိသွားပြီပေါ့။ မေမေ့ရဲ့ မျက်လုံးထောင့်မှာ မျက်ရည်တွေစို့အိုင်လာတာ မြင်လိုက်ရတယ်။ ဒါပေမဲ့ မေမေငိုမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိနေတယ်။ ဒီလိုနေရာမျိုးမှာ မေမေမငိုဘူး။ သူစိမ်း တစ်ယောက်ရှေ့မှောက်မှာ ဘယ်တော့မှ ငိုမှာမဟုတ်ဘူး။

အဲဒီနေ့ကနေ သိပ်မကြာလှတဲ့ တစ်ရက်မှာ ကျွန်တော်မေမေနဲ့ လေှကားရှေ့မှာရပ်နေတုန်းရဲသား (၂)ယောက်ဟာ တစ်ဘက်အိမ်တံခါးထဲ ဝင်ရောက်သွားပြီး ခဏအကြာမှာ "ပင်ဟက်ဒ်"ဆိုတဲ့ ချာတိတ်နဲ့

အတူ ပြန်ထွက်လာတယ်။ အဲဒီ ချာတိတ်ရဲ့ အမေဟာ မျက်နှာ မဖော်ဝံ့ဘဲ ခေါင်းငိုက်စိုက်ချပြီး နောက်ကနေ လိုက်သွားတယ်။

အားမတန်လို့ မာန်လျှော့သွားရတဲ့ အမေ တစ်ယောက်ရဲ့အဖြစ်ကို မြင်လိုက်ရတဲ့မေမေဟာ "ဘုရားသခင်ဟာ အမေတွေအပေါ်မှာ သိပ်ပြီး ရက်စက်လွန်းရာ ကျတယ်။ ကလေးမွေးတုန်းကလည်း နာကျင်စေခဲ့ပြီ။ လူဖြစ်လာ တော့လည်း သူတို့လေးတွေ အတွက် မသက်မသာ ခံစားနေရပါလား"လို့ ဆိုတယ်။

ကျွန်တော်ဟာ ကျွန်တော့်အမှားကိုသိလာပြီး ဩဘ် မေမေဟာ ငါ့ဆီက အပြစ်ဝန်ချတောင်းပန်ချက်ကို မရရှာပါလားလို့ တွေးမိခဲ့ရာက မေမေ့လိုပဲ ထပ်တူ ထပ်မျှ ကျွန်တော်ခံစားလာရပါတယ်။ ကျွန်တော်ဟာ ကျွန်တော့ဘဝလမ်းကြောင်းကို တည့်မတ်အောင် မပြုပြင်ခဲ့ပါဘူး။ နောက်ဆုံးတော့ မကြာခဏ ကျောင်းပြေး တဲ့ပြစ်ဒဏ်ကြောင့် မိသားစုအတွက် ဖွဲ့ထားတဲ့ တရားရုံးဆီ ရောက်ရပါတော့တယ်။ အသက် ၁၅နှစ်အရွယ်မှာပဲ ကျောင်းကအပြီးအပိုင် အထုတ်ခံလိုက်ရပါသည်။

မကြာခင်မှာတော့ ကျွန်တော်ဟာ ဝင်ငွေနည်း ပါးတဲ့မိသားစုရဲ့အိမ်တွင်းအခြေအနေကြောင့် ဝိုင်းဝန်းပြီး ပန်းတွေကို ဆိုင်ဆီဖောက်သည်ပို့တဲ့အလုပ်၊ ရှေး ဟောင်းပရိဘောဂဆိုင်တွေမှာဝင်ပြီး ဆေးသုတ်ပေးရ တဲ့အလုပ်တွေနဲ့ တစ်ဖက်တစ်လမ်းက ဖွေရှာရတယ်။

ဒါပေမဲ့ ကျွန်တော်ဟာ တစ်ခါတစ်ခါ ညပြန် မအိပ်ဘဲ နေခဲ့တယ်။ မကြာမကြာလည်း အလုပ်ဖြုတ်ခံ ရတယ်။ ခဏ ခဏဆိုသလို အရက်မူး သိုင်းကွက်နင်း ရင်း အိမ်ပြန်ရောက်တယ်။ အိမ်နီးနားချင်း တစ်ယောက် ကလည်း ကျွန်တော်ဟီးရိုးအင်းစွဲ နေတယ်လို့ မေမေ့ဆီ လာတိုင်တာခံရပြန်တယ်။ ကြာလေ ကြာလေ မေမေ့ ခမျာ စိတ်ငြိုငြင်မှုတွေ၊ ဒေါသထွက်ခံစားမှုတွေ များလာလေလေ။ ဒါတောင်မှပဲ မေမေဟာ ကိစ္စတိုင်း မှာ ကျွန်တော့်ရှေ့ကနေ အကွယ်အကာပေးနေတုန်း "သားရေ၊ မင်းဟာ ကောင်းတဲ့လမ်းကို မေမေ့ထက် ပိုတောင် ရွေးတတ်ပါသေးတယ်။ အဲဒီရွေးတဲ့လမ်းက လည်း မင်းအဖို့ အကောင်ဆုံးဖြစ်လာမှာပါ"

ကျွန်တော် ၁၆-နှစ် ပြည့်လာတဲ့ တစ်နေ့မှာ တော့ခိုက်ရန် ဖြစ်ပွားတာကြောင့် ကျွန်တော် အဖမ်း အချုပ်ခံလိုက်ရတယ်။ မေမေဟာ အိမ်နီးနား ချင်း ရှေ့နေကို တောင်းတောင်းပန်ပန်နဲ့ သူ့မှာငွေမရှိတဲ့ အကြောင်း တင်ပြပါတယ်။ ရှေ့နေက မေမေ့ အတွက် လိုက်ပါပြီး ကျွန်တော်ဟာ စစ်တပ်ထဲ ဝင်ချင်နေတဲ့ အကြောင်း တရားသူကြီးဆီ တစ်ဆင့်တင်ပြတယ်။ အဲဒီ လိုနဲ့ ကျွန်တော့်ကို ဖမ်းချုပ်ထားတဲ့အမှုကနေ ကွင်းလုံး ကျွတ် လွှတ်ပေးလိုက်တယ်။

ကျွန်တော်မြို့ကို ကျောခိုင်းပြီး စွန့်စွန့်စားစားနဲ့ ထွက်လာတာဟာ ကံကောင်းတဲ့ အတွေ့အကြုံတွေ

ရစေဖို့ ဖန်လာတာပါပဲ။ စည်းကမ်းသေဝပ်မှုနဲ့ တာဝန်သိမှုတွေကို သိမ်းပိုက်လာနိုင်ပါတယ်။ တပ်ထဲမှာ ၃နှစ်တာနေရစဉ်အတွင်း ကျွန်တော့်ရဲ့ပြီးခဲ့တဲ့ ဘဝအချိန်တွေပြန်ပြီး စမြုံ့ပြန်ကြည့်တယ်။ ပြီးတော့ ကျွန်တော့်အတွေးရေယာဉ်ကြောဟာ မေမေ့ဆီမကြာခဏ ကူးသွားတတ်တယ်။

ကျွန်တော့်အတွက် အရဏ်ကျင်းခဲ့ပါပြီ၊ ကျွန်တော်ဟာ မေမေ့ပေါ် ဘယ်လောက် အသည်းနာလောက်အောင် နှိပ်စက် ခဲ့သလဲ။ ပြီးတော့ မေမေခံစားနေရသမျှပေါ်မှာ ကျွန်တော်ဝေဒနာမျှယူပေးဖို့၊ လေးစားမှုထားပေးဖို့ကိုရော ဘယ်နှစ်ကြိမ် ပြုခဲ့ဖူးပါသလဲ။ အဆုံးသံသရာမရှိနိုင်တဲ့ မေမေနဲ့ ပတ်သက်သမျှတွေဟာ ကျွန်တော့်စိတ်ထဲ ဝင်ရောက် မွှေနှောက်နေတယ်။

ဖေဖေအိမ်ကထွက်ခွာသွားတုန်းက မေမေသာလျှင် ကျွန်တော့်ထက်ပိုပြီး အထီးကျန်ဆန်တဲ့ ဝေဒနာကို ခံစားလိုက်ရပါတယ်။ မေမေ့ဘဝမှာ ရှိထိုက်သလောက် ပရိဘောဂထက်ပိုပြီး မျှော်လင့်လို့မရတဲ့ အိမ်ထောင်သည်ဘဝမှာ ကျင်လည်ခဲ့ရတယ်။ မေမေ့ရဲ့ ပျိုရွယ်စဉ်ဘဝတုန်းကလည်း ချမ်းသာတဲ့အမှတ် လက္ခဏာဆိုတာ မရှိခဲ့ဘူး။ ကျွန်တော်တို့တစ်တွေ လူလားမြောက်လာတဲ့အထိ မေမေဟာ တာဝန်အမျိုးမျိုးကို ကြမ်းတမ်းစွာနဲ့ ရွက်ပိုးလာရတယ်။ ရှားပါးတဲ့ အလင်းရောင်လေးတွေကြားကပဲ ဘဝလမ်းညွှန်သမျှ ဖြတ်သန်းလာရရှာတယ်။

တစ်ပတ်တစ်ခါဆိုသလို မေမေဟာ ကျွန်တော်တို့ဖတ်ဖို့ဆိုပြီး စာကြည့်တိုက်ကနေ စာအုပ်တွေ ငှားရမ်းလာပါတယ်။ ပထမကမ္ဘာစစ်အတွင်းမှာ ကြီးပြင်းခဲ့ရတဲ့ မေမေဟာ သူလေ့လာသမျှ သင်ခန်းစာလေးတွေ ကျွန်တော့်ကိုတစ်ဆင့် အိတ်သွန်ဖာမှောက် သင်ပြပေးတယ်။ မေမေသင်သမျှတွေက အကြောင်းအရာအနေနဲ့ ရိုးစင်းပေမယ့် အတိတ်ကအကြောင်းတွေ ပြန်အမှတ်ရစေပါတယ်။ ကောင်းအောင်နေ၊ အဝတ်အစားကို သန့်သန့်ဝတ်၊ သဘောမတူတဲ့ အချက်အလက်တွေ ပေါ်ပေါက်လာတိုင်း မေမေကခုလိုပဲ သတိပေးတယ်။ "ကောင်းမွန်စွာနေထိုင်ခြင်းဟာ မြင့်မြတ်သလို ကောင်းကင်ဘုံကိုတက်ရောက်နိုင်တဲ့ ဂိတ်တံခါးပေါက်ဆီလည်း နောက်ဆုံးရောက်ရမယ်"

ပြီးတော့ မေမေက ထပ်ဆက်သေးတယ်။ "အားလုံးမှတ်ထားကြနော် မင်းတို့တတွေ သန့်ရှင်းတဲ့ ရှပ်အင်္ကျီတစ်ထည် ဝတ်နိုင်တာနဲ့ပဲ လူတွေက အမြဲတမ်း မင်းတို့ကို အကောင်းမြင်နဲ့ မြင်ကြမှာပဲ"

ကျွန်တော့်အစ်ကိုကိုတော့ မေမေက တစ်တန်းစားတည်းထားပြီး တာဝန်ရှိတဲ့ဘဝကို မပို့ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ မေမေ့ရဲ့အိမ်မက်တွေကို ဖီဆန်လို့ရတဲ့ကွေ့ကနေ ပြန်ပြီး တိုက်ခိုက်ငြင်းဆန်တာမျိုး လုပ်မိပါတယ်။ နောက်ဆုံးကျတော့ ကျွန်တော်ပဲ နောင်တရပြီး ကျွန်တော်ပဲ အရှက်ရခဲ့တယ်။

နှစ်ကာလတွေ ကျော်ဖြတ်လာတယ်။ ကျွန်တော်နယူးယောက်ကနေ အိမ်ဆီပြန်တယ်။ ကျွန်တော်ဟာ လမ်းမှားပေါ် လျှောက်နေတဲ့ လူတွေနဲ့ ပြန်ပေါင်းဖော်လို့မရဘူးဆိုတာ ကိုယ့်ကိုကိုယ် သိလိုက်ပါပြီ။ ဒါပေမဲ့လည်း ကျွန်တော့်ဘဝဟာ ရှေ့ဘယ်လိုဆက်ရမလဲဆိုတာတော့ မမြင်နိုင်သေးပါဘူး။ မေမေ ကျွန်တော့်အတွက် ပူပင်နေဆဲပဲဆိုတာ ကျွန်တော် မှန်းဆမိတယ်။

တစ်နေ့ မီးသတ်တပ်ဖွဲ့က လူခေါ်တဲ့ ကြော်ငြာတစ်ခုကိုတွေ့လိုက်တာနဲ့ ကျွန်တော် လျှောက်ဖို့စီစဉ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်အဖို့တော့ ရဲအရာရှိပဲဖြစ်လာလာ၊ မီးသတ်သမားပဲဖြစ်လာလာ လူ့ပတ်ဝန်းကျင်အနေနဲ့ ဂုဏ်ယူစရာကောင်းတဲ့ လုပ်ငန်းအဖြစ်ရော အောင်မြင်တိုးတက်တဲ့လုပ်ငန်းအဖြစ်ပါ ယူဆနေကြပါတယ်။ ကျွန်တော့်အဖို့လည်း ဘဝကို တကယ် တည်ဆောက်ဖို့ အခွင့်အလမ်းကောင်း တစ်ခုလို ဖြစ်လာရပါတယ်။ ကျွန်တော့်ကိုခန့်ပွဲမလားလို့ ဇဝေဇဝါဖြစ်ရပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်အဖို့ ကြိုးစားကြည့်ဖို့ လိုလာပြီလို့တော့ သိလိုက်ပါတယ်။

"သားအတွက် ကံကောင်းပါစေကွယ်" ကျွန်တော်အပြင်ထွက်တိုင်း ရွတ်နေကျဖြစ်တဲ့စကားလုံးကို မေမေက သုံးတယ်။ ဒါပေမဲ့ ဒီတစ်ခါကျတော့ အပိုပါလာတယ်။ "သတိတော့ထားနော်"တဲ့။

ကျွန်တော်သတိထားပြီး လှုပ်ရှားခဲ့တာဟာ သိပ်မကြာသောကာလမှာပဲ ပြည်သူ့အဆောက်အဦး ကြီးထဲက ဟောခန်းမကြီးထဲမှာ အယောက် ၂၀၀ ထဲက တစ်ယောက်အဖြစ် ပါဝင်လာရပြီး၊ မီးသတ်အဖွဲ့ရဲ့ ရုံးက တိုင်တဲ့ကျမ်းသစ္စာခံရဲဘော်ထဲမှာ လက်မြှောက်သူ အဖြစ် ရောက်လာခဲ့ရပါပြီ။ ကျွန်တော့်မေမေဟာ နောက်က ခုံမှာထိုင်ရင်းက ကျွန်တော့်ကိုကြည့်နေတာကြောင့် တစ်ချက်တစ်ချက်မှာ မျက်လုံးတစ်ဖက်လှမ်း မှိတ် ပြဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်ယောက်ချင်း စင်မြင့် ပေါ် တက်ရောက်ကြပြီး ကျွန်တော်တို့ကို ပေးလာတဲ့ ငွေရောင် ကြက်ခြေခတ်တံဆိပ်တွေကို လက်ခံယူကြ ပါတယ်။

ကျွန်တော့်ခုံပေါ်ပြန်သွားထိုင်လိုက်တဲ့အခါ မေမေ့ကို ကျွန်တော်ရယူလာတဲ့ငွေတံဆိပ်လေး ပြလိုက် တယ်။ ကမ်းခြေမှာ နောက်ဆုံးတွေ့ပြီးကတည်းက မမြင်ရတော့တဲ့ မေမေ့အပြုံးဟာ ရွှင်လန်းစွာနဲ့ ပြန်ပေါ် လာခဲ့ပါတယ်။ မေမေ့ကို တကယ်တမ်းဖမ်းစား နိုင်လိုက် ပြီဆိုတာ အဲဒီအပြုံးက သက်သေထူနေပါ တော့တယ်။ နှစ်သိမ့်နိုင်စွမ်းတဲ့အပြုံးနဲ့အတူ မေမေပြော လာတဲ့ စကားက “နောက်ဆုံးတော့ မင်းကိုယ်မင်း ရှာတွေ့လာ နိုင်တာပဲ မဟုတ်လား”တဲ့။ အဲဒီတဒင်္ဂမှာ မြင်လိုက်ရတဲ့ မေမေ့ပုံသဏ္ဍာန်ဟာ ဘဝမှာ တစ်ကြိမ်တစ်ခါမျှ စိတ်ပျက် စရာတွေ မဆုံကြုံဖူးသလို ထင်လိုက်ရပါတော့တယ်။

မူဝံစာအုပ်တိုက်

အဲဒီနောက်မှာလည်း မေမေ့အတွက် ပျော်စရာများစွာဟာ ဆီးကြိုလို့နေပါတယ်။ ကျွန်တော့်အစ်ကိုက တက္ကသိုလ်ကနေ ဘွဲ့ရလာတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဘွဲ့ရတယ်။ ပြီးတော့ မေမေ့အတွက် မြေးတစ်ယောက် မွေးဖွားပေးနိုင်ခဲ့တယ်။ ဒါတွေဟာ မေမေ့အတွက် ဝမ်းသာစရာတွေပေါ့။ ဒါပေမယ့် မေမေ့ဆီက အဲဒီလို အပြုံးမျိုးကို နောင်ထပ် မတွေ့ရတော့ပါဘူး။ ဘာကြောင့် မတွေ့ရတော့တာလဲဆိုတာကို ကျွန်တော်သိနေသလိုလိုပဲ။

ကျွန်တော့်ကို မီးသတ်ဌာနက ခန့်တဲ့လက်မှတ် လက်ခံယူလိုက်တဲ့နေ့က ပွဲလက်မှာထိုင်နေတဲ့ မေမေဟာ ကျွန်တော့်ကို ကြည့်ပြီး ကျွန်တော်တော့ အသက်လမ်းခင်းရတော့မယ့် ခရီးတစ်ခုကို လျှောက်တော့မယ်ဆိုတာ တွေးနေမှာအမှန်ပါ။ ခြေနှစ်ဖက်ကို မြေပေါ်မှာချပြီး ညီညီညာညာ လျှောက်လှမ်းပြနေတဲ့ ကျွန်တော့်ကိုကြည့်ပြီး မေမေမပြုံးနိုင်၊ မရယ်နိုင် ဖြစ်သွားရရှာပါပြီ။ ဒီအချိန်မှာပဲ တစ်သက်တာ အပြုံးတစ်ခုလို့ဆိုရမယ့် မေမေ့ဆီကအပြုံးကို တွေ့လိုက်ရတယ်။ အဲဒီအပြုံးဟာ အခုလိုများ အဓိပ္ပာယ်ထွက်နေမလားမသိဘူးနော်. . .

"ငါတော့ တာဝန်ကြေပါပြီ သားရယ်" လို့ ပြောနေသလိုမျိုးပေါ့။

♦ ♦



လူသားတို့၏ဘဝသည်ကန္တာရတစ်ခု

ဖြစ်သည်ဆိုလျှင်

ဤစာစုများသည်

စာဖတ်သူတို့အတွက်

အိုအေစစ်ကလေးများဖြစ်မည်ဟု အသေအချာ

ဆိုရပါသည်။

# Chicken Soup for the Soul

Jack Canfield
Mark Victor Hansen
Patty Hansen
Irene Dunlap